# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၄)၊ ၁၃၇၈ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၃-၅-၂၀၁၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို မေ ၃ ရက်တွင် ကျင်းပသွားမည်

နေပြည်တော် မေ ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ သို့ ☆



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မေ ၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ပြည်တွင်းလေကြောင်း လေယာဉ်ခရီးစဉ်များ ပုံမှန်အတိုင်း ပြန်လည်ပျံသန်းပြေးဆွဲ

နေပြည်တော် မေ ၂

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ မင်္ဂလာလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် အဲသံလွင်လေကြောင်းလိုင်းတို့အနေဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသော ပြည်တွင်းခရီးစဉ်များအနက် ဦးစားပေးပြေးဆွဲရန် စီစဉ်ထားရှိသော ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ ကော့သောင်းမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ ကလေးမြို့၊ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့များသို့ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်မှစတင်၍ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ မြစ်ကြီးနားမြို့သို့ မေ ၄ ရက်မှစတင်၍လည်းကောင်း၊ ပူတာအိုမြို့သို့ မေ ၅ ရက်မှစတင်၍လည်းကောင်း ပုံမှန်ပြန်လည်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ၊ ဧပြီ ၃ ရက် ၊ သောကြာနေ့။

# ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေး ရထားဆိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားဆိုင်းများတိုးချဲ့ပြေးဆွဲပေးခြင်း၊ လက်ရှိပြေးဆွဲနေသော ရထားတွဲဆိုင်းများတွင် ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများအား ၂၀၂၆ ခုနှစ်၊ မတ် ၂၆ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ရထားစီးခရီးသွားပြည်သူများ ရထားစီးနှင်းမှု များပြားလျက်ရှိသည်။

ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်း၌ လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများဖြစ်သည့် အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန်ရထားများအား ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စီးနင်းမှု များပြားလာသည့်အတွက် အမှတ်(၃၃)အဆန်၊ အမှတ်(၃၄)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၌လည်း ခရီးသည်စီးနင်းမှု များပြားလာသည့်အတွက် အထက်တန်း(၁)တွဲ၊ ရိုးရိုးတန်း(၃)တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး ယခင် ရပ်တန့်ဘူတာ (၁၆)ဘူတာရှိရာမှ ဒိုက်ဦး၊ ရေနီ၊ ညောင်ရမ်း၊ မြစ်သား (၄)ဘူတာ ထပ်မံရပ်တန့်ပေးမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၌ ရထား စီးနင်းမှုများပြားလာသည့်အတွက် အမှတ်(၈၁) အဆန်၊ အမှတ်(၈၂)အစုန် လေအိတ်လူစီးအမြန်ရထား၌ ရိုးရိုးတန်း (၁)တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်း၊ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် လူစီးအမြန်ရထားသည် ခရီးသည်စီးနင်းမှု များပြားခြင်း၊ ကြည့်မြင်တိုင်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန်လူစီး စာပို့ရထားတွင် ရိုးရိုးတန်း (၂)တွဲအား ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး လက်ပံတန်း-သာရဝေါရထားလမ်းပိုင်း၌ အမှတ်(၁၉၅)အဆန်၊ အမှတ် (၁၉၆) အစုန် လော်ကယ်ရထားအား တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ပြေးဆွဲပေးလျက်ရှိရာမှ ခရီးသည်စီးနင်းမှု များပြားလာသည့်အတွက် မတ် ၂၈ ရက်မှစ၍ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၊ နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၂၇)အဆန်၊ အမှတ်(၂၈)အစုန် လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော လေအေးပေးစက်ပါ DEMUလူစီးအမြန်ရထားများအား Online Railways Ticketing and Payment System (ORTP) ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

ထို့အပြင် မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ခရီးသွားပြည်သူများ ရထားစီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မတ္တရာမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို



**မတ္တရာ ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့အဖြစ် ယနေ့ မွန်းတည့် ၁၂ နာရီက အမှတ်(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက် စာစစ်ဌာနတွင် ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့၌ ပထမကြီးတန်းတွင် ရဟန်း ၂၃ ပါး၊ သီလရှင်တစ်ပါး၊ ပေါင်း ၂၄ ပါး၊ ပထမလတ်တန်းတွင် ရဟန်း ၂၈ ပါး၊ သီလရှင် လေးပါး၊ ပေါင်း ၃၂ ပါး၊ ပထမငယ်တန်းတွင် ရဟန်း ၂၂ ပါး၊ သီလရှင် နှစ်ပါး ပေါင်း ၂၄ ပါး၊ စုစုပေါင်း ၈၀ ပါး ဝင်ရောက်ဖြေဆိုကြသည်။ အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပရာသို့ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ မြို့နယ်စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး၊ နေ့ဆွမ်းဆက်ကပ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရာသား)**

# မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ဒေသန္တရစီမံကိန်း ရေးဆွဲရေးနှင့် ဘဏ္ဍာငွေအရ အသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားပြုလုပ်





**မန္တလေး ဧပြီ ၂**

ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးလုပ်ငန်းများရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်သဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင်က ဒေသန္တရစီမံကိန်းရေးဆွဲရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက ဘဏ္ဍာငွေ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၀၉၃)**

၀-၀-၀-၀-၀

# မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် Digital Education Training For Staff သင်တန်းဖွင့်လှစ်

**မန္တလေး ဧပြီ ၂**

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အရည်အသွေးမြှင့်မားရေးအတွက် Digital Education Training For Staff သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ စီမံအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် ကွန်ပျူတာနှင့် ရုပ်သံပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်စန်းက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပို့ချခဲ့သည်။



အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဧပြီ ၉ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ် ၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅၁ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၃)၏ နောက်တွင် ပုဒ်မခွဲငယ်(၄)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အစ္စလာမ်ဘာသာအတွက်ဖြစ်လျှင် မော်လဝီ၊ ဟာဖိဇ်၊ အီမန်အပါအဝင် သက်ဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသည့် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်း။"

၃။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတို့အား အတည်ပြုထုတ်ပြန်

နေပြည်တော် ဧပြီ ၂

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မတ် ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ်(၂၁/၂၀၂၆)ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အမျိုးသား စီမံကိန်းဥပဒေအားလည်းကောင်း၊ ဥပဒေအမှတ်(၂၂/၂၀၂၆)ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအားလည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေများသည် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ထို့နောက် ကချင်ပြည်နယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ Jeng Phang နော်တောင်က ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီအဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးနှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီဝင် ဦးရေ ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်နှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအား အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်တင်မြင့်က လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ် စိစစ်အတည်ပြုရေး လုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် ကိုယ်စားလှယ် ၁၅ ဦး၏ အမည်စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ငွေး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်တင်မြင့် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပ ပြုလုပ်မည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏သဘောတူညီချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သုံးဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတသုံးဦးသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်း စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြမှုကို ဖတ်ကြားတင်ပြသည်။

အဆိုပါ စိစစ်ရေးအဖွဲ့က ထောက်ခံတင်ပြထားသည့် ဒုတိယသမ္မတများမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးညိုစောတို့ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပါဝင်သည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အသီးသီးက ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဧပြီ ၃ ရက်တွင် ကျင်းပမည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲလက်မှတ် ဆန္ဒပြုပုံနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ပုံစံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အပူရှောင် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးပုဂ္ဂိုလ်များအတွက် ဦးစားပေးဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့ သွားရောက်၍ သက်ကြီးပုဂ္ဂိုလ်များ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်/ ရှောင်ရန်များကို အသိပညာပေးရှင်းလင်းပြောကြားပြီး နိုင်ငံတော်ယာယီသမ္မတက ထောက်ပံ့သည့်ဓာတ်ဆားနှင့် အချိုရည်များကို ထောက်ပံ့ပေးအပ်ကာ အပူရှောင်သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများဖြစ်ပေါ်ပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အပူရှောင်နေ့ဘက်ပြင်ပလူနာ စောင့်ရှောက်ရေးဌာန၊ လူနာစမ်းသပ်ခန်း၊ ဆေးနှင့်ဆေးဝါးများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့နေအိမ်များတွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်တိမ်းရှောင်ရန်လိုအပ်သူများအတွက် အပူရှောင်စခန်းများအား မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့တွင် မတ် ၁၆ ရက်က စတင်ဖွင့်လှစ်ပြီး အပူရှောင်လာရောက်သူများအား သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး ဆောင်ရန်/ ရှောင်ရန်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမူလတန်းကြိုကျောင်းတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂



အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Semi Virtual စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အပူဒဏ်အန္တရာယ် မဖြစ်ပွားမီကတည်းက ကာကွယ်နိုင်ရေးသည် အရေးကြီးသဖြင့် အသိပညာပေးနှိုးဆော်မှု လုပ်ငန်းများကို ကျေးလက်ဒေသများအထိ ရောက်ရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ကုသရေးအထူးကု ဆရာဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် စံကုသမှုလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ထားရှိစေလိုကြောင်း၊ နှစ်စဉ်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သော်လည်း အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းစေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများကာကွယ်ကုသရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ကျန်းမာရေးဌာနအဆင့်ဆင့်ထံသို့ ဖြန့်ဝေထားရှိမှု၊ အပူဒဏ်အန္တရာယ်လူနာစံကုသမှုလမ်းညွှန်များအား ဖြန့်ဝေထားရှိမှု၊ ပြည်သူများအတွက် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့်အပူဒဏ်အန္တရာယ်ခံစားရသော လူနာများအား ရှေးဦးပြုစုခြင်းတို့နှင့် ပတ်သက်၍ အသိပညာပေး နှိုးဆော်ချက်လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိမှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် အသိပညာပေး နှိုးဆော်နေမှုနှင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုအား စောင့်ကြပ်ကြည့်ရှုနေမှုတို့ အပါအဝင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့် ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက အပူရှောင်စခန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု၊ ဆေးရုံနှင့် ဆေးခန်းများတွင် လူနာများ လက်ခံကုသနိုင်ရန် ခုတင်နေရာများ ပြင်ဆင်ထားရှိမှု၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ကွင်းဆင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူအများမြင်သာသည့်နေရာများတွင် အသိပညာပေးနှိုးဆော်ချက် ဆိုင်းဘုတ်များထားရှိမှု၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နွေရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှု သတင်းအချက်အလက်များအရ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် အပူဒဏ်အန္တရာယ်ကြောင့် ပြင်းထန်လူနာနှင့် သေဆုံးလူနာများ ယခုအထိ မရှိသေးကြောင်း သိရသည်။

သတင်းစဉ်

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့်နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင်အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

# မြန်မာ့မီးရထားအနေဖြင့် ကုန်စည်များအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပါဆယ်ရထားတွဲများချိတ်ဆက်ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးနှင့် ကုန်စည်များအား ဈေးနှုန်းသက်သာစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဘက်ထရီ လျှပ်စစ်စက်ခေါင်းပြောင်းလဲအသုံးပြုပြေးဆွဲခြင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့်ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် စားသောက်ကုန်ပစ္စည်းများ ဦးစားပေးသယ်ဆောင်နိုင်ရန် အထူးပါဆယ်ရထားများ စတင်ချိတ်ဆက် ပြေးဆွဲခြင်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့တွင် ပြေးဆွဲနေသော လူစီးရထားများ၌ ပါဆယ်တွဲများ တိုးမြှင့်ချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ BEL စက်ခေါင်းဖြင့် ရိုးရိုးတန်းလေးတွဲ၊ ဘရိတ်တွဲ တစ်တွဲ ပါရှိသော "ဂ" အဆက်ရထားတွဲဆိုင်းအား မတ် ၂၅ ရက်တွင် စတင်ပြေးဆွဲပေးခဲ့ပြီး ရန်ကုန် မြို့နေ ခရီးသွားပြည်သူများ ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် BEL စက်ခေါင်းဖြင့် ရိုးရိုးတန်း လေးတွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် "ခ" အဆက် ရထားတွဲဆိုင်းအား ဧပြီ ၄ ရက်မှစ၍ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၅)အဆန်၊ အမှတ်(၃၆) အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲ ၁၀ တွဲနှင့် ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖြူး၊ တောင်ငူ၊ မြို့လှ၊ ပျဉ်းမနား၊ နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သား၊ ကျောက်ဆည်ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည် ပိဿာ ၁၅၁၇၀၀ (၂၄၃ တန်) ကိုတင်ဆောင်နိုင်ပြီး အစုန်/အဆန် ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

အလားတူ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၅) အဆန်၊ အမှတ်(၈၆)အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲကိုးတွဲ၊ ဘရိတ်တွဲ တစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဝေါ၊ သိမ်ဇရပ်၊ ကျိုက်ထို၊ တောင်စွန်း၊ နှင်းပုလဲ၊ သထုံ၊ ပေါင် ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည်ပိဿာ ၁၂၈၂၀၀ (၂၀၆ တန်) ကိုတင်ဆောင်နိုင်ပြီး အစုန်/အဆန် ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၃ ရက်မှစတင်၍ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ် (၆၃) အဆန်၊ အမှတ်(၆၄) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ သုံးတွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည် ပိဿာ ၃၀၆၀၀ ကိုလည်းကောင်း၊ သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း၌ ပြေးဆွဲနေသော အမှတ် (၁၄၁) အဆန်၊ အမှတ် (၁၄၂) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ နှစ်တွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည်ပိဿာ ၂၅၂၀၀ ကိုလည်းကောင်း ပိုမိုတင်ဆောင်နိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ကုန်စည်များ သယ်ယူပို့ဆောင်ခကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုမရှိစေရန်၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် မီးရထားဖြင့် ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ သယ်ယူပို့ဆောင်သွားကြရန်၊ ကုန်စည်များ လွယ်ကူ အဆင်ပြေစွာ များများနှင့် မြန်မြန် သယ်ယူပို့ဆောင်နိုင်ရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရန်ရည်ရွယ်၍ ရထားများတိုးချဲ့ ချိတ်ဆက်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

အမရပူရ ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်အောင် ဦးစီး၍ ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ရွှေဥမ်းထုပ်ရပ်ကွက်ရှိ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို ရွှေဥမ်းထုပ်ရပ်ကွက်ရှိ ရွှေအိုးရရွှေဖားရဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ရွှေဥမ်းထုပ်ရပ်ကွက်အတွင်း အသက် ၁၈ နှစ်အထက် တစ်ဦး၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၇ ဦး၊ စုစုပေါင်း ၂၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်နိုင်ခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ သိရသည်။

(အောက်ပုံ)

စိုးသီဟ(အမရ)

၀-၀-၀-၀-၀



# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လတ်စိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂

ယနေ့မြန်မာစံတော်ချိန် ၀၅ နာရီ ၁၈ မိနစ် ၁၉ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၃၁၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Northern Molucca Sea)၊ မြောက်လတ္တီတွဒ် ၁ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၂၉ ဒီဂရီ၊ အနက် ၆၆ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၄ (M)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# (၃၁-၃-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်း

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃,၆၅၈.၀၀ | ၅၅၇.၀၀ | ၁၂၅.၃၀ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၁၄၀,၆၇၁.၅၆ | ၇,၈၅၅,၂၅၀.၀၀ | ၂၇,၄၅၅,၉၁၆.၅၄ | ၁၁,၂၃၉,၆၂၁.၅၁ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | ၃,၄၁၄,၄၂၉.၃၆ | | ၄,၁၀၃,၃၂၈.၉၈ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်နှင့် ထုပ်ပိုးမှုပစ္စည်းများတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ သန်းအား LNG ကဏ္ဍသို့ လည်းကောင်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းကဏ္ဍ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆေးနှင့်ဆေးဝါးပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ ပုံနှိပ်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၄ ဒသမ ၁၀ သန်းအား ဆောက်လုပ်ရေးကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍနှင့် စက်မှုကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။




# တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ရိုးသားတဲ့ လူတော်လူကောင်းဖြစ်ကြဖို့

**Honesty is the best policy (ရိုးသားခြင်းသည် အကောင်းဆုံးမူဝါဒဖြစ်သည်)**လို့ အင်္ဂလိပ် စကားပုံတစ်ခုကို မှတ်သားဖူးပါတယ်။ မြန်မာအဘိဓာန်မှာလည်း ရိုးသားခြင်းကို ရိုးဖြောင့်မှန်ကန်သောလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

ရိုးသားတဲ့သူတွေက လူမှုဆက်ဆံရေးနယ်ပယ်၊ စီးပွားရေးလုပ်ငန်းနယ်ပယ်တွေမှာ ခိုင်ခိုင်မာမာနဲ့ ရေရှည်ရပ်တည်နိုင်ကြတယ်။ ရိုးသားမှုဟာ လူတစ်ဦးရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေတယ်။ ဂုဏ်သိက္ခာဆိုတာ တန်ဖိုးကြီးတဲ့ပစ္စည်းတစ်ခုလိုဖြစ်တာကြောင့် လူတိုင်းက ရိုးသားသူတွေကို တန်ဖိုးထားကြတယ်။ တချို့ကတော့ မရိုးသားကြတဲ့အတွက် လူရာမဝင်ဖြစ်သွားကြတယ်။

ရိုးသားခြင်းဆိုတာ နေ့စဉ်ပြုနေကြတဲ့ တွေးတောမှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုတွေအတွက် လိုအပ်တဲ့အရည်အချင်းတစ်ရပ် ဖြစ်တယ်။ လူအချင်းချင်းဆက်ဆံရေးမှာ ရိုးသားမှုဟာ ရေရှည်ဆက်ဆံရေးကို တည်ဆောက်နိုင်တယ်။ မရိုးသားမှုကတော့ တစ်ခါဆက်ဆံပြီးတာနဲ့ ထပ်ပြီးဆက်ဆံဖို့ ခက်ခဲသွားတတ်တယ်။ လူအထွေထွေစိတ်အမျိုးမျိုးဆိုစကားလို မွေးရာပါ ဇာတိ၊ ပတ်ဝန်းကျင်နဲ့ သူတို့ ကျင်လည်နေကြတဲ့ အခြေအနေတွေအပေါ်မူတည်ပြီး ရိုးသားတယ်၊ မရိုးသားဘူးဆိုတဲ့ စရိုက်လက္ခဏာတွေ ကွဲပြားသွားတယ်။ လူ့ဘဝကို ရိုးသားစွာနဲ့ ဖြတ်သန်းနေသူတွေရှိသလို မရိုးမသားနဲ့ ရပ်တည်နေသူတွေလည်း ရှိကြတယ်။

ရိုးသားမှုဟာ လူတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့အရာဖြစ်သလို ကိုယ်တိုင်တည်ဆောက်ရပါတယ်။ ပညာတတ်တာ၊ ရုပ်ဆင်းအင်္ဂါလှပတာ၊ ဥစ္စာနေကြွယ်ဝချမ်းသာတာ၊ ရာထူးဌာနကြီးမားတာတွေ ဘယ်လိုပဲကွာခြားကြပေမယ့် မရိုးသားသူတွေဟာ အဆန်မပြည့်တဲ့ စပါးနှံလို ထိုးထိုးထောင်ထောင် ဖြစ်နေတတ်တယ်။ အတိတ်ကံ အကျိုးပေးကြောင့် ကြီးပွားချမ်းသာသွားနိုင်ပေမယ့် ကံအကျိုးပေးကုန်သွားတဲ့ အချိန်မှာတော့ လူ့ဘောင်ဘဝစည်းရဲ့ အပြင်ကို ရောက်သွားတတ်တယ်။

ရိုးသားသူတွေက ကောင်းတဲ့အလုပ်တွေကိုသာ ရွေးချယ်လုပ်ကိုင်တတ်ကြပြီး မကောင်းတဲ့အလုပ်တွေကို ရှောင်ကြဉ်တယ်။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးမှာ သီလနဲ့ သမာဓိက ရိုးသားမှုဖြစ်ပြီး ပညာဆိုတာက မြင့်မြင့်မားမားကြံစည်လုပ်ကိုင်နိုင်ခြင်း ဖြစ်တယ်။ သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ရိုးသားသူရဲ့ ဂုဏ်သိက္ခာဟာ မြင့်မားနေတယ်။ ပင်ကိုယ်စိတ်ရင်းတွေက စိတ်ဓာတ်ကောင်းတွေ ရှိနေတာမို့ ပူပင်သောကတွေ ကင်းကြတယ်။ တွေးခေါ်မြော်မြင်မှု၊ အပြောအဆို၊ ကိုယ်ဟန်အမူအရာ၊ သွားလာနေထိုင်မှု၊ ဝတ်စားဆင်ယင်မှုတွေက ရိုးသားသူရဲ့ သရုပ်ကို ပေါ်လွင်နေတယ်။

ရိုးသားသူဟာ ကံငါးပါးဖြစ်တဲ့ သူ့အသက်ကိုသတ်တာ၊ ပိုင်ရှင်မပေးတဲ့ သူ့ပစ္စည်းကို ခိုးယူတာ၊ ကာမဂုဏ်မှာ လော်လီဖောက်ပြန်တာ၊ မဟုတ်မမှန်ပြောဆိုတာနဲ့ မေ့လျော့ခြင်းကိုဖြစ်စေတဲ့ မူးယစ်ဆေးဝါး၊ အရက်သေစာသောက်တာ စတဲ့အလုပ်တွေကို ရှောင်ကြဉ်ကြတယ်။ တစ်နည်းအားဖြင့် ကံငါးပါးကို စောင့်ထိန်းသူတွေ ဖြစ်တယ်။

သတ္တဝါတွေကို သတ်ဖြတ်ရင် ရောဂါဆိုးတွေ ခံစားရတာ၊ အထူးနှိပ်စက်ခံရတာ၊ ဓား၊ လှံ၊ သေနတ် စတဲ့ လက်နက်တွေနဲ့ ထိခိုက်ပျက်စီးရတာ၊ အစာငတ်မွတ်ခေါင်းပါးတာဆိုတဲ့ ဝဋ်ကြွေးတွေကို ပြန်လည်ပေးဆပ်ရတယ်။ ဒီဝဋ်ကြွေးတွေ မခံစားရအောင် သူ့အသက်ကို သတ်ဖြတ်ခြင်းက ရှောင်ကြဉ်သင့်တာ ဖြစ်တယ်။

သူတစ်ပါးပစ္စည်းကို ပိုင်ရှင်ကမပေးဘဲ ယူဆောင်ခြင်းဟာ ခိုးယူမှု မြောက်ပါတယ်။ ခိုးခြင်းငါးပါးမှာ (၁)ထေယျာဝဟာရ = အိမ်နံရံ ခြံစပ်ဖောက်ခြင်းစသည်ကိုပြု၍ ပုန်းကွယ်လျက်ခိုးခြင်း၊ ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ အသပြာစဉ်းလဲ စသည်တို့ဖြင့် လှည့်ပတ်၍ ခိုးခြင်း။ (၂)ပသဟယှာ ဝဟာရ = အနိုင်အထက်နှိပ်စက်၍ ခိုးခြင်း၊ ဓားပြတိုက်ခြင်း။ (၃)ပဋိစ္ဆန္နဝဟာရ = မြက်၊ သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း။ (၄)ပရိကပ္ပါဝဟာရ = ဥစ္စာရပ်ကို ကြံ၍ ခိုးခြင်း။ (၅)ကုသာဝဟာရ = ကမ္ပည်းပြောင်း၍ ခိုးခြင်းတွေ ဖြစ်ပါတယ်။ ခိုးတဲ့အလုပ်က သူတစ်ပါးအပေါ် ပူပင်သောကတွေ ဖြစ်စေတာကြောင့် ရှောင်ကြဉ်သင့်တယ်။

မုသာဝါဒကံ မဟုတ်မမှန်ပြောဆိုတဲ့ အင်္ဂါငါးပါးကို (၁)အတထဝတ္ထု = မဟုတ်မမှန်သောဝတ္ထုလည်း ဖြစ်စေ၊ (၂)ဝိသံဝါဒနစိတ္တံ = လှည့်စားလိုစိတ်ရှိသည်လည်း ဖြစ်စေ။ (၃)တဇ္ဇော ဝါယာမော = ထိုလှည့်စားလိုသော စိတ်အားလျော်သော လုံ့လလည်း ပြုစေ။ (၄)တဒတ္ထဝိဇာနနံ = ထိုအဓိပ္ပာယ်ကို နားလည်သည်လည်း ဖြစ်စေလို့ မှတ်သားဖူးပါတယ်။ ဒီအလုပ်တွေကို ရှောင်ကြဉ်သင့်ပါတယ်။

ကာမဂုဏ်၌ ဖောက်ပြန်ခြင်းကြောင့် ဆိုးကျိုးတွေ ခံစားရပါတယ်။ ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်သူတွေဟာ ခပ်သိမ်းသူတို့ ချစ်ခြင်း။ မိန်းမအဖြစ်၊ နပုံးအဖြစ်၊ ဥဘတောဗျည်းအဖြစ်တို့မှ လွတ်ခြင်း။ ဣန္ဒြေနှင့်ပြည့်စုံခြင်း။ ချစ်သူနှင့် မကွေကွင်းခြင်း။ ခပ်သိမ်းသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်းဆိုတဲ့ အကျိုးတွေကို ခံစားရပါတယ်။

မေ့လျော့စေခြင်းတွေဖြစ်စေတဲ့ မူးယစ်ဆေးဝါးသုံးစွဲတာ၊ သေရည်သေရက်သောက်တာ စတဲ့ သုရာမေရယကံကို ကျူးလွန်တဲ့သူတွေဟာ (၁)ဥစ္စာကုန်ခန်းခြင်း၊ (၂)ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ (၃)ရောဂါအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ (၄)ဂုဏ်သတင်းပျက်စီးခြင်း၊ (၅)ကိုယ်လက်အင်္ဂါမလုံသဖြင့် အရှက်ရတတ်ခြင်း၊ (၆)ပညာနည်းပါးခြင်း ဆိုတဲ့ ဆိုးကျိုးတွေကို ခံစားရတတ်ပါတယ်။

ရိုးသားသူတွေဟာ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ကြသူတွေ ဖြစ်ပါတယ်။ အဂတိဆိုတာ ဘက်လိုက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ (၁)ဆန္ဒာဂတိ = ချစ်သဖြင့် ဘက်လိုက်ခြင်း ၊ (၂)ဒေါသာ = မုန်းသဖြင့် ဘက်လိုက်ခြင်း၊ (၃)ဘယာဂတိ = ကြောက်သဖြင့် ဘက်လိုက်ခြင်း (၄)မောဟာဂတိ = မသိသဖြင့် ဘက်လိုက်ခြင်းတွေဖြစ်ပါတယ်။ လူတချို့ဟာ မိမိကိုယ်ကျိုးစီးပွားအတွက် ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်နဲ့ မိမိသိက္ခာကို မထောက်ထားဘဲ အဂတိလိုက်စားမှုတွေ ပြုတတ်ပါတယ်။ ကိုယ်လုပ်တဲ့ အလုပ်ကို တခြားသူတွေ မသိဘူးထင်ပြီးလုပ်ပေမယ့် ကိုယ်တိုင်ကတော့ သိနေပါတယ်။ အဂတိလိုက်စားမှုတွေ ကျူးလွန်မိရင် အပြစ်ရတတ်သလို လူရာမဝင်လည်း ဖြစ်တတ်ပါတယ်။ ရိုးသားသူတွေက အဂတိတရားလေးပါးကို စောင့်ထိန်းလိုက်နာကြပါတယ်။

ရိုးသားသူတွေကို လူတော်လူကောင်းတွေလို့ ဆိုကြပါတယ်။ လူတော်လူကောင်းဆိုတာ တော်လည်းတော်၊ ကောင်းလည်းကောင်းတဲ့သူတွေ ဖြစ်တယ်။ လူတော်ဆိုတာ ပညာအရည်အချင်းနဲ့ သတ်မှတ်ကြတာဖြစ်လို့ ပညာတတ်တွေ ဖြစ်ကြပါတယ်။ တချို့က ပညာနည်းပေမယ့် ကောင်းတဲ့သူတွေလည်း ရှိကြပါတယ်။ လူတော်နဲ့ လူကောင်းကို ဝိသေသအနေနဲ့ ခွဲခြားမရနိုင်တာကြောင့် လူတော်လူကောင်းလို့ တွဲသုံးကြပါတယ်။

လူတော်တွေက (၁)အတတ်ပညာတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တယ်။ (၂)ရှိသင့်ရှိထိုက်တဲ့ အသိပညာတွေ ပိုင်ဆိုင်တယ်။ (၃)ကျောင်းပညာတွေ သင်ကြားနေချိန်မှာ ထူးချွန်ကြပြီး အသက်မွေးဝမ်းကျောင်းအလုပ်တွေလုပ်တဲ့ အချိန်မှာလည်း တတ်ထားတဲ့ အတတ်ပညာတွေနဲ့ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်တယ်။ အတတ်ပညာဆိုတာ စာတွေ့၊ လက်တွေ့တွေ ပေါင်းစပ်ပြီး အားထုတ်လုပ်ကိုင်ရတာမို့ လုပ်ငန်းခွင်မှာ ပိုပြီးအောင်မြင်ကြတယ်။ အရည်အချင်းတွေက သာမန်လူတွေထက်ပိုပြီး သာလွန်နေတတ်တယ်။

လူကောင်းတွေကတော့ (၁) သာမန်လူတွေထက်သာလွန်တဲ့ အရည်အချင်းကောင်း ပိုင်ဆိုင်တယ်။ (၂) စိတ်နေသဘောထား ပြည့်ဝတယ်။ (၃) သူတစ်ပါးကို ကိုယ်ရောစိတ်ပါ နာကျင်အောင် မပြုဘူး။ (၄) အင်အားချည့်နဲ့သူကို မနိုင်မကျင့်ဘူး။ (၅) မတရားတဲ့အလုပ်ကိုလုပ်ရမှာ ရှက်တတ်၊ ကြောက်တတ်တယ်။ (၆) ရိုးသားဖြောင့်မတ်တယ်။ (၇) စည်းကမ်းနဲ့ ပြောတတ်၊ လုပ်ကိုင်တတ်တယ်။ (၈) အတ္တအကျိုးစီးပွားနဲ့ ပရအကျိုးတွေကို မျှတအောင် ပြုတတ်တယ်။ (၉) စိတ်နေသဘောထား တည်ကြည်ပြီး ကတိတည်တယ်။ (၁၀) သူတစ်ပါးကို မထိခိုက်စေဘဲ ကိုယ့်အကျိုးကို လုပ်ဆောင်တယ်။ (၁၁) မိမိဘဝကို တည်ဆောက်ရင်း အများအကျိုးကို လုပ်ပေးတတ်တယ်ဆိုတဲ့ အရည်အချင်းတွေ ရှိကြတယ်။

တော်တာ၊ ကောင်းတာတွေ ပြည့်စုံနေသူရဲ့ စိတ်ထားက အမြဲကြည်လင်နေတယ်။ မဟုတ်တာ၊ မမှန်တာတွေ မလုပ်ဘူး။ သတ္တဝါတွေအပေါ်မှာ မေတ္တာတရားနဲ့ ဆက်ဆံနေကြလို့ သောကအပူအပင်တွေ ကင်းနေတယ်။ စိတ်ပိုင်းဆိုင်ရာမှာ အမြဲလုံခြုံနေတယ်။ လောဘတွေကို ထိန်းချုပ်နိုင်တယ်။ တစ်ဖက်သားကို ကိုယ်ချင်းစာစိတ်နဲ့ ဆက်ဆံတတ်ကြပြီး အများအကျိုးတွေကိုလည်း ဆောင်ရွက်ပေးတတ်ကြတယ်။

မရိုးသားသူတွေကတော့ ပညာနည်းတယ်။ ကောင်းမှု၊ မကောင်းမှု၊ တရားမျှမှု၊ မမျှတမှုတွေကို ကိုယ်ပိုင်အသိစိတ်နဲ့ ဝေဖန်မခွဲခြားနိုင်ဘူး။ ကိုယ်လုပ်တာကသာ မှန်တယ်ဆိုတဲ့ တစ်ယူသန်စိတ်ထားနဲ့ ဇွတ်အတင်းလုပ်တတ်တယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ အကျင့်စရိုက်တွေ ကိန်းအောင်နေတတ်တယ်။ ကုသိုလ်နဲ့ အကုသိုလ်ကို မခွဲခြားနိုင်ဘူး။ ကိုယ့်လုပ်ရပ်က ဆိုးကျိုးတွေပြန်ပြီး ခံစားရမယ်ဆိုတာ မတွေးဘူး။ လုပ်သင့်တဲ့ အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ်ကို မခွဲခြားနိုင်ဘူး။ အလုပ်က မှားနေမှန်းသိလျက်နဲ့ ဆက်လုပ်တတ်လို့ စိတ်လုံခြုံမှုမရှိဘူး။

လက်ရှိ ပစ္စုပ္ပန်ကာလမှာ မရိုးမသားရှာဖွေထားတဲ့ ဥစ္စာနေတွေဟာ တစ်သက်တာ သုံးမကုန်၊ ဖြုန်းမကုန်၊ ထားစရာနေရာမရှိအောင် ချမ်းသာကြွယ်ဝနေပါစေ၊ တစ်ချိန်မှာ မကောင်းတဲ့ဆိုးကျိုးတွေကို ခံစားရတတ်ပါတယ်။ ကာလမှာလည်း အကြောင်းမသင့်ရင် ရှိထားတဲ့စည်းစိမ်ဥစ္စာတွေ ခဏတာအတွင်းမှာ အကြောင်းအမျိုးမျိုးနဲ့ ပျက်စီးဆုတ်ယုတ်သွားတတ်တယ်။

ရိုးသားသူတွေက သူတော်ကောင်းတရားတွေကို လက်ကိုင်ထားတတ်ကြတာကြောင့် အခုဘဝမှာ အရာရာပြည့်စုံချင်မှ ပြည့်စုံမယ်၊ ဆင်းရဲချင် ဆင်းရဲနေလိမ့်မယ်။ မရိုးသားတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူးဆိုတဲ့ စိတ်စေတနာကြောင့် တစ်ချိန်ချိန်မှာ ကောင်းကျိုးတွေ ခံစားရပါမယ်။

'ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ'လို့ ရှင်မဟာရဋ္ဌသာရက လက်သစ်တောင်ဆုံးမစာမှာ ရေးသားဆုံးမခဲ့ပါတယ်။ ဒါဟာ လူတိုင်း ရိုးသားဖြောင့်မတ်ရေးအတွက် 'စံ' တစ်ခု ဖြစ်ပါတယ်။

ရိုးသားသူဟာ သူရဲ့လုပ်ဆောင်ချက်တွေက ခမ်းနားကြီးကျယ်တာမို့ နာမည်ကောင်းကျန်ရစ်တယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်သလို မြန်မာနိုင်ငံကို လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့သူဖြစ်တာကြောင့် မြန်မာနိုင်ငံသားအားလုံးက လေးစားမြတ်နိုးခြင်းခံရသူဖြစ်ခဲ့တယ်။

အိန္ဒိယနိုင်ငံက မဟတ္တမဂန္ဒီ ဆိုရင်လည်း သူ့ရဲ့ ရိုးသားမှုကို နိုင်ငံတကာက ချီးမွမ်းတာကိုခံရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့တယ်။ ပိတ်ဖြူနံ့ပိုင်း ဒိုတီကိုဝတ်စားပြီး သက်သတ်လွတ်ချပါတီကိုသာ စားသောက်ခဲ့ပြီး ပလွှားမှုကို စက်ဆုပ်ပြီး ရိုးသားမှုကို နှစ်သက်သူဖြစ်ပါတယ်။ လူနေရိုးသားသလို စိတ်အကြံကလည်း မြင့်မားသူတစ်ဦးဖြစ်တယ်။ အိန္ဒိယနိုင်ငံကို ကိုလိုနီလက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့သူအဖြစ်လည်း ထင်ရှားခဲ့တယ်။

အချုပ်အားဖြင့် လူနေမှုဘဝမှာ ရိုးသားတဲ့လူတော်လူကောင်းတွေရှိဖို့ လိုပါတယ်။ တစ်ဦးချင်းစီမှာ ဖြစ်စေ၊ မိသားစုတစ်ခုမှာ ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှာဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံမှာဖြစ်စေ ရိုးသားတဲ့ လူတော်လူကောင်းတွေနဲ့ လူနေမှုဘဝတွေကို တည်ဆောက်ကြမယ်ဆိုရင် အေးချမ်းတည်ငြိမ်မှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ခံစားနိုင်ကြမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ကိုးကား ။ ။ - ပါမောက္ခချုပ်ဆရာတော်ကြီး၏ တရားတော်များ
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာရေးဝန်ကြီးဌာန
- မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု
- နေ့စဉ်ထုတ်သတင်းစာများ

ကိုယဉ်ချစ်(မန္တလေး)

# မင်းဘူးမြို့၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိ

မင်းဘူး ဧပြီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ယခုရက်ပိုင်း ကမ္ဘာ့အပူဆုံးမြို့များ စာရင်းတွင် အဆင့်(၁) ဝင်ရောက်ခဲ့သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့နေအိမ်များ၌ နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကို တိမ်းရှောင်ရန် လိုအပ်မည့်သူများနှင့် သက်ကြီးဘိုးဘွားများအား အပူရှောင်စခန်းများတွင် လာရောက်နားခိုနိုင်ရေးနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပူရှောင်စခန်းများကို ဧပြီ ၂ ရက်နံနက်ပိုင်းမှစတင်ပြီး ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ပူရှောင်စခန်းများကို ပထမဦးစားပေးအဖြစ် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်းဘူးမြို့ သာသနာ့ဗိမာန်နှင့် စကုမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာတို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအချိန်ထိ ဖွင့်လှစ်ထားပြီး နားနေခန်း၊ တရားနာခန်း၊ ထမင်းစားခန်းနှင့် TV ကြည့်ခန်းများအပြင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံးကြီးမှ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ TV ကြည့်ခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသစာအုပ်စာပေနှင့် နေ့စဉ်ထုတ်သတင်းစာများ ဖတ်ရှုလေ့လာနိုင်ရန်နှင့် အကြို/အပို့ယာဉ်စသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အပူရှောင်စခန်း စတင်ဖွင့်လှစ်သည့် ပထမရက်တွင် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးဘိုဘွား ၂၀ က လာရောက် နားခိုနေထိုင်လျက်ရှိပြီး လိုအပ်သောပံ့ပိုးကူညီမှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။



အပူရှောင်စခန်းသို့ လာရောက်အပူရှောင်နားခိုကြသူများအား တွေ့ရစဉ်။

ယခုလက်ရှိ အပူရှောင်စခန်းများတွင် လူဦးရေ ၄၀၀ ခန့် အပူရှောင်နားခိုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားပြီး မင်းဘူး(စကု)မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၈၅၀ ကျော်ရှိကြောင်း၊ အပူရှောင်စခန်းများသို့ လာရောက်နားခိုသည့် လူဦးရေအနည်းအများအပေါ် မူတည်၍ အပူရှောင်စခန်းများကို ကျောက်တန်းကျေးရွာ၊ ဖလံရုံကျေးရွာနှင့် အောက်ကျောင်းကျေးရွာတို့တွင် အရန်နေရာများသတ်မှတ်၍ ကြိုတင်စီမံဆောင်ရွက်ထားရှိကြောင်း၊ အဆိုပါအပူရှောင်စခန်းများအတွက် နိုင်ငံတော်ယာယီသမ္မတက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၉၁ သိန်းတန်ဖိုးရှိ ခေါက်ဆားနှင့် အချိုရည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၇၃ သိန်းကျော်တန်ဖိုးရှိ ရေသန့်၊ အချိုရည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အလှူငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ် ၆၁ သိန်းတန်ဖိုးရှိ အားဖြည့်အချိုရည်များကို လှူဒါန်းပေးပို့ထားရှိပြီး စုစုပေါင်းအလှူငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၂၅၅၀၀၀၀ ဖြစ်ကြောင်း၊ အပူရှောင်စခန်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း စသည့် လက္ခဏာများဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံများ၌ အရေးပေါ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နိုင်ရန် မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံးကြီးနှင့် စကုမြို့ရှိ ပြည်သူ့ဆေးရုံတွင် လူနာစမ်းသပ်ခန်းနှင့် ဆေးကုခန်းများကို အရန်သင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း၊ ထို့အပြင် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများအဖြစ် ရပ်ကွက်/ကျေးရွာများအလိုက် အသံချဲ့စက်ဖြင့် နေ့စဉ် အသိပေးလှည့်လည်နှိုးဆော်ခြင်း၊ လူစည်ကားရာ နေရာများတွင် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေး ဗီနိုင်းပိုစတာစိုက်ထူခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)









## ချောက်မြို့နယ် အပူရှောင်စခန်းကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ချောက် ဧပြီ ၂

မကွေး တိုင်းဒေသကြီး ချောက်မြို့နယ်တွင် ထိခိုက်လွယ်သူများ (သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ) အပူရှောင်နိုင်ရေး၊ အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အမှတ်(၁၁)ရပ်ကွက် မြို့လယ် သာသနာ့ဗိမာန်တွင် အပူရှောင်စခန်းအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အပူရှောင်လာသည့် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား စလင်း ပရိယတ္တိစာသင်တိုက်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောသဝက သီလပေးတရားများ ချီးမြှင့်ပေးပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက အပူဒဏ် အန္တရာယ်အကြောင်း အသိပညာပေးခြင်းများနှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေး လိုက်နာရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အပူရှောင်လာသူများအားရှိုင်ရယ်ဒီများ၊ ရေသန့်များနှင့် သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ အပူရှောင်လာသူများအား မြို့နယ်ကျန်းမာရေးဌာနက ဘိုးဘွားများအား ဆီးချို၊ သွေးချို စစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးစစ်ဆေး၍ တိုင်းရင်းဆေးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အပူရှောင်စခန်းအတွက် သောက်ရေသန့်၊ ယပ်တောင်များ အသင့် စီစဉ်ဆောင်ရွက်ထားရှိပေးလျက်ရှိကြောင်း သိရသည်။

အပူရှောင်စခန်းကို မတ် ၁၆ ရက်က စတင်ခဲ့ရာ ဧပြီ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

## ငဖဲမြို့၌ အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ငဖဲ ဧပြီ ၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့၌ အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုဆောင်ရွက်သည်။

ငဖဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အပူရှောင်စခန်းဖွင့်လှစ်မည့် မိုးကုတ်ဓမ္မရိပ်သာ ယောဂီဆောင်နှင့် ဆွမ်းစားဆောင်၊ မြို့နယ်ခန်းမတို့၌ အပူရှောင်စခန်းနှစ်ခု ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ထို့ပြင် ပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း အပူဒဏ်ကြောင့်သတိလစ်ခြင်း လက္ခဏာများဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရေ၊ လျှပ်စစ်မီး၊ ပန်ကာ၊ သောက်ရေသန့် (ရေအိုး) နှင့် နေရာထိုင်ခင်းများကို ပြင်ဆင်ထားရှိကြောင်း သိရသည်။

မယု(ငဖဲ)

# ပင်လယ်ကွေ့နှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ပဋိပက္ခများ ရပ်တန့်ရန် ပါကစ္စတန်နှင့်တရုတ် တောင်းဆို



**ပေကျင်း ဧပြီ ၂**

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ပင်လယ်ကွေ့နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ပြန်လည်ဖော်ဆောင်ရန်အတွက် ပဋိပက္ခများကို ချက်ချင်းရပ်တန့်ရန် တောင်းဆိုထားသည့် အချက် ငါးချက်ပါဝင်သော အစပျိုးဆောင်ရွက်ချက်တစ်ခုကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ပဋိပက္ခများကို ချက်ချင်းရပ်တန့်ရန်နှင့် ပဋိပက္ခများ ပျံ့နှံ့မသွားစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တောင်းဆိုကြောင်း ပေကျင်းမြို့တွင် ပြုလုပ်သည့် အဆင့်မြင့်ဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အီရှက်ဒါးသည် ပေကျင်းမြို့သို့ ရောက်ရှိနေပြီး ၎င်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အရှေ့အလယ်ပိုင်းတွင် ပြင်းထန်နေသော ပဋိပက္ခအဆုံးသတ်ရန် အစ္စလာမ်မာဘတ်မြို့တော်က ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့နေမှုကို ပြန်လည်ဖွင့်လှစ်နိုင်ရန် နိုင်ငံများစွာနှင့် ဆွေးနွေးမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကြေညာ



**လန်ဒန် ဧပြီ ၂**

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် အရေးပါသော ပင်လယ်ကွေ့ရေလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့နေမှုကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ကမ္ဘာ့နိုင်ငံများစွာနှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက ကြေညာလိုက်ကြောင်း သိရသည်။

ပဋိပက္ခများ ရပ်တန့်သွားပြီးနောက် ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်နိုင်မည့် အစီအမံများကို အကဲဖြတ်ရန်အတွက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး အီဗက်ကူးပါးသည် နိုင်ငံပေါင်း ၃၅ နိုင်ငံနှင့် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးတစ်ရပ်ကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် စတားမားက ပြောကြားသည်။

ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကို ပြန်လည်ရရှိစေရန်၊ ပိတ်မိနေသည့် သင်္ဘောများနှင့် သင်္ဘောသားများ၏ ဘေးကင်းလုံခြုံရေးကို အာမခံချက်ပေးနိုင်ရန်နှင့် အရေးကြီးကုန်စည်များ ပြန်လည်စီးဆင်းနိုင်ရန်အတွက် လုပ်ဆောင်နိုင်မည့် သံတမန်ရေးနှင့် နိုင်ငံရေးဆိုင်ရာ နည်းလမ်းအားလုံးကို အဆိုပါအစည်းအဝေးက သုံးသပ်အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# မလေးရှား ဖွံ့ဖြိုးရေးရန်ပုံငွေများ အလွဲသုံးမှုနှင့် ဆက်နွယ်နေသော တန်ဖိုးကြီး ပန်းချီကား လေးကားကို မလေးရှားနိုင်ငံသို့ ပြန်ပေးမည်







**ကွာလာလမ်ပူ ဧပြီ ၂**

မလေးရှား ဖွံ့ဖြိုးရေးဘဟာတ်ရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်မှုနှင့် ဆက်နွယ်နေပြီး အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့် တန်ဖိုးရှိသည်ဟု ခန့်မှန်းရသော ပီကာဆို၏ လက်ရာတစ်ခု အပါအဝင် တန်ဖိုးကြီး ပန်းချီကား လေးကားကို မလေးရှားနိုင်ငံသို့ ပြန်လည်ပေးအပ်မည်ဖြစ်ရာ အဆိုပါ ပန်းချီကားများသည် ဧပြီ ၆ ရက်တွင် ရောက်ရှိလာမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အနုပညာလက်ရာများကို ထွက်ပြေးတိမ်းရှောင်နေသူ စီးပွားရေးလုပ်ငန်းရှင် ဂျိုလိုးနှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိသူ ဥပဒေအကြံပေးဟောင်း ဂျက်စမင်လူအိုက်ဆွမ်က တစ်ချိန်က ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

လန်ဒန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့ရှိ ဇိမ်ခံလက်ပတ်နာရီများနှင့် အဆင့်မြင့် တိုက်ခန်းများကိုလည်း ဂျက်စမင်လူထံမှ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**Mon**

# အင်္ဂလန်ရှိ ရေပြတ်လပ်နိုင်ခြေရှိသည့် အခြေအနေကို လျှော့ချနိုင်ရန် သုံးစွဲမှုလျှော့ချခြင်းဖြင့် ဖြေရှင်းရမည်ဟု သုတေသီများက ထောက်ပြ

**လန်ဒန် ဧပြီ ၂**

အင်္ဂလန်နိုင်ငံတွင် တစ်နေ့လျှင် ရေလီတာပေါင်း ၅ ဘီလီယံ (ဂါလန် ၁ ဒသမ ၃၂ ဘီလီယံခန့်) ပြတ်လပ်နိုင်ခြေရှိသည့် အခြေအနေကို လျှော့ချနိုင်ရန်အတွက် လူအများ၏ နေ့စဉ်ရေသုံးစွဲမှု အလေ့အထများဖြစ်သော ရေချိုးခြင်း၊ ရေယိုစိမ့်မှုများကို သတင်းပို့ခြင်းနှင့် အိမ်သာရေဆွဲခြင်း စသည်တို့ကို ပြောင်းလဲရန်လိုအပ်ကြောင်း ဆာရေးတက္ကသိုလ်က အစီရင်ခံခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အင်္ဂလန်နိုင်ငံသား တစ်ဦးချင်းစီသည် တစ်နေ့လျှင် ရေ ၁၃၅ လီတာမှ လီတာ ၁၅၀ (၃၆ ဂါလန်မှ ဂါလန် ၄၀ ခန့်)အထိ အသုံးပြုနေကြသည်။

အစိုးရ၏ ရေသုံးစွဲမှုလျှော့ချရေးစီမံကိန်းတွင် အမိကကျသော စမတ်မီတာများ တပ်ဆင်ခြင်းဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ရေလီတာသန်း ၄၅၀ (ဂါလန် ၁၁၉ သန်းခန့်)ကို ချွေတာနိုင်မည်ဟု ခန့်မှန်းထားသည်။

ရေပြတ်လပ်မှု ခန့်မှန်းချက်၏ ၆၀ ရာခိုင်နှုန်းကို ရေသုံးစွဲမှုလျှော့ချခြင်းဖြင့် ဖြေရှင်းရမည်ဟု သုတေသီများက ထောက်ပြထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ၁၉၇၂ ခုနှစ်တွင် အပိုလိုအစီအစဉ် ပြီးဆုံးခဲ့ပြီးနောက်ပိုင်း လကမ္ဘာအနီးသို့ လူလိုက်ပါသည့် ပထမဆုံးခရီးစဉ် စတင်

**ဝါရှင်တန် ဧပြီ ၂**

၁၉၇၂ ခုနှစ်တွင် အပိုလိုအစီအစဉ် ပြီးဆုံးခဲ့ပြီးနောက်ပိုင်း လကမ္ဘာအနီးသို့ လူလိုက်ပါသွားရောက်မည့် ပထမဆုံးသောခရီးစဉ်အဖြစ် အာတဲမစ်တူး မစ်ရှင်ကို အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့(နာဆာ)က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အမြင့် ၃၂၂ ပေရှိသော ဒုံးပျံသည် ဖလော်ရီဒါပြည်နယ်၊ ကိပ်ကာနဗာရယ်လ်ရှိ စခန်းမှ အရှေ့စံတော်ချိန် ညနေ ၆ နာရီ ၃၅ မိနစ် (ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၃၅ မိနစ်)တွင် ပျံတက်သွားခဲ့ပြီး အိုရီယွန် အာကာသယာဉ်ကို ၁၀ ရက်ကြာ ခရီးစဉ်အဖြစ် ပို့ဆောင်ပေးခဲ့သည်။

အာတဲမစ်တူး မစ်ရှင်သည် လကမ္ဘာပေါ်သို့ ဆင်းသက်မည် မဟုတ်သော်လည်း အာကာသယာဉ်သည် နောင်လာမည့် မစ်ရှင်များတွင် အာကာသယာဉ်မှူးများကို အောင်မြင်စွာ သယ်ဆောင်နိုင်ခြင်း ရှိ၊ မရှိ သက်သေပြရန်အတွက် လကမ္ဘာကို ပတ်၍ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိမည့် လမ်းကြောင်းအတိုင်း ပျံသန်းသွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းသည် ၂၀၂၈ ခုနှစ်တွင် ပြုလုပ်မည့် အာတဲမစ်ဖိုး မစ်ရှင်တွင် ကမ္ဘာ့တစ်ခုတည်းသော သဘာဝဂြိုဟ်ရံလ၏ မျက်နှာပြင်ပေါ်သို့ တစ်ကျော့ပြန် ဆင်းသက်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# အင်ဒိုနီးရှားနိုင်ငံ တာနေးလ်ကျွန်းအနီး မိုလုကာပင်လယ်ပြင်တွင် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ရှား၊ လူတစ်ဦး သေဆုံး



**ဂျကာတာ ဧပြီ ၂**

အင်ဒိုနီးရှားနိုင်ငံ တာနေးလ်ကျွန်းအနီး မိုလုကာပင်လယ်ပြင်တွင် ဧပြီ ၂ ရက် နံနက်စောစောပိုင်းက ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ရှားခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၈ မိနစ် (ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၄၈ မိနစ်) တွင် အနက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ရှားခဲ့ခြင်းဖြစ်ပြီး ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

အဆောက်အအုံအပျက်အစီးများ ပိမိခြင်းကြောင့် ဆူလာဝေစီမြောက်ပိုင်းရှိ အသက် ၇၀ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အခြားသူတစ်ဦးမှာမူ အဆောက်အအုံပေါ်မှ ခုန်ချရာတွင် ခြေထောက်ကျိုးသွားသည်။

အဆိုပါဒေသသည် ငလျင်လှုပ်ခတ်မှု အကြိမ်ရေများသော နေရာဖြစ်သော်လည်း ယခုငလျင်မှာ လွန်ခဲ့သည့် ၆ နှစ်အတွင်း ဒေသခံများကြုံတွေ့ခဲ့ရသမျှတွင် အားအပြင်းဆုံး ငလျင်တစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဧပြီ ၂**

ပူပြင်းရာသီ ရောက်ရှိလာသည့်အတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်၊ကျေးရွာများ၊ စက်ရုံများနှင့် ဈေးများအား စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကျောက်ဆည်မြို့၊ ရပ်ကွက်(၅)ရပ်ကွက်တွင် ဆက်လက် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခြင်းများ ဆောင်ရွက်ရာ၌ ခရိုင်မီးသတ် ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အေးမြကြည်လင်၊ စုကြီး၊ ဘောဂဝတီ၊ မင်းရပ်၊ ပြည်လုံးနိုင်ရပ်ကွက်များအတွင်းရှိ ဈေးဆိုင်များနှင့် လူနေအိမ်များအား လျှပ်စစ်ကြိုးများ၊ ခလုတ်များနှင့် မီးသုံးစွဲမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ၊ မရှိနှင့် ရေသုံးစွဲမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**ထက်ထက်(ကျောက်ဆည်)**

*- *- *- *- *- *- *



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က ကျိုင်းတုံမြို့နယ်၊ ဝမ်ကျွမ်ကျေးရွာနေ စိုင်းလုံတစ်(ခ)စိုင်းပုံဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလုံတစ်(ခ)စိုင်းပုံ(၅၂)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*- *- *- *- *- *- *





## ငွေကျပ် ၁,၀၂၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့နယ်၊ ပင်လုံ-မော်ဟဲကျေးရွာသွားလမ်းတွင် အောင်ကျော်ကျော်(ခ)ဖိုးအောင်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ခြင်းတောင်းများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈,၄၀၀ နှင့် မြန်မာငွေကျပ်တစ်သိန်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်ကျော်(ခ)ဖိုးအောင် (၄၄)နှစ်ဆိုသူအား မိုးညှင်းမြို့မ ရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*- *- *- *- *- *- *

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦး သေဆုံး


**နေပြည်တော် မတ် ၂**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် ၂ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ညောင်ခါးရှည်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျိုက်ထိုမြို့မှ ဝေါမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၆/၁) ရပ်ကွက်နေ ဦးစည်သူစိုး(၄၉)နှစ်ဆိုသူ မောင်းနှင်ပြီး အစ်မဖြစ်သူ ဒေါ်ခင်သီတာစိုး(၅၄)နှစ်ဆိုသူနှင့် သမီးဖြစ်သူ မနန်းကြည်စင်စင်ဖူး(၁၉)နှစ်ဆိုသူတို့ လိုက်ပါလာသော COROLLA FIELDER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက် လားရာတူရှေ့မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးကျေးရွာနေ ကိုလင်းထွန်း (၂၉)နှစ် ဆိုသူ မောင်းနှင်သော NISSAN DIESEL မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးစည်သူစိုး၊ ဒေါ်ခင်သီတာစိုးနှင့် မနန်းကြည်စင်စင်ဖူးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် စည်သူစိုးဆိုသူအား ညောင်ခါးရှည်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သုံးဘီးဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်မှုဖြစ်ပွား

**ရမည်းသင်း ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၌ သုံးဘီးဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ် ၂၆၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မြောက်မှတောင်သို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျောင်းကျေးရွာနေ ဦးလှဖေ(၆၀)နှစ်ဆိုသူ မောင်းနှင်လာသည့် DAYANG 125 2HCC အမျိုးအစား သုံးဘီးဆိုင်ကယ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးလှဖေဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် လှဖေဆိုသူအား ရမည်းသင်းမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဧပြီ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ ရပ်ကွက်၊အကွက်အမှတ်(၂၅၃)၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၈ လမ်းနှင့် ၈၉လမ်းကြားရှိ နေအိမ်တွင် လျှပ်စစ်မိန်းဘုတ်ခုံအပူလွန်ကဲပြီး မီးလောင်မှု ယနေ့ နံနက် ၁ နာရီ ဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ တိုင်းမီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အောင်နန်းအနောက် အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ပြည်ကြီးပျော်ဘွယ်အရှေ့ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သီရိဟေမာအနောက် အရန်မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီး၊ သန္တေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် (၃၀×၂၀)ပေ၊ နံကပ်တစ်ထပ်အိမ်အနောက်ဘက်၌ အဖီဆွဲထားသော (၁၀×၁၅)ပေ အဆောက်အအုံနှင့် သစ်သားမီတာပုံးများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ်ဆစွာ သုံးစွဲသူပိုင်ရှင် ဒေါ်....(၅၇)နှစ်ဆိုသူအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ (၀၅၇)

# စက်သုံးဆီဝယ်ယူရာတွင် ပိုမို၍အဆင်ပြေချောမွေ့စေရေးအတွက် ရောင်းချသည့်စနစ်အား အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျသုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်၍ ဒစ်ဂျစ်တယ်နည်းပညာ အခြေပြု ဖြန့်ဖြူးရောင်းချသည့်စနစ်ကို ၁၂-၃-၂၀၂၆ ရက်နေ့တွင် စတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၇-၃-၂၀၂၆ ရက်နေ့တွင် ယာဉ်တစ်စီးချင်းစီအတွက်စက်သုံးဆီပမာဏကိုသတ်မှတ်၍ရောင်းချပေးသည့်စနစ်သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပါသည်။

တည်ဆောက်ထားသည့်စနစ်အား လက်တွေ့အသုံးပြုရာတွင် တွေ့ကြုံရသည့် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် မသမာမှုများကို ဟန့်တားနိုင်ရန်အတွက် Online မှ စောင့်ကြည့်သတိပေးခြင်း၊ ထိန်းချုပ်ခြင်း၊ ပြည်သူတို့၏ တုံ့ပြန်မှုများကို နားထောင်၍ နည်းပညာအား အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါသည်။

တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချနေသော စက်သုံးဆီဆိုင်ပေါင်း ၂၉၄၃ ဆိုင် ရှိသည့်အနက် ဆိုင်ပေါင်း ၈၇၉ ဆိုင်တွင် Bar Code/ QR Code များကို Scan ဖတ်၍ ရောင်းချပေးသည့်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ယခုသီတင်းပတ်မှစ၍ ပုသိမ်မြို့နှင့် ရန်ကုန်-ပြည်-မကွေး လမ်းမကြီးတစ်လျှောက်ရှိ မြို့များတွင် စတင်အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းစီအတွက် စက်စွမ်းအားပေါ်မူတည်၍ စက်သုံးဆီပမာဏသတ်မှတ်၍ ရောင်းချပေးနေရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတို့တွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ Taxi ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ကုန်တင်ယာဉ်များကို ပမာဏတိုးမြှင့် သတ်မှတ်ပေးထားပြီး တစ်ပတ်လျှင် ၃ ရက် ဆီဖြည့်တင်းနိုင်ရန် ခွင့်ပြုပေးလျက်ရှိပါသည်။

ယင်းအပေါ်တွင် အခွင့်ကောင်းယူ၍ မသမာမှုများ ပြုလုပ်နေသည့်အတွက် ပြည်သူများ ထိခိုက်နစ်နာစေမှု၊ စိတ်အနှောင့်အယှက်ဖြစ်စေမှုများဖြစ်ပေါ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါယာဉ်များကို မောင်းနှင်ခဲ့သည့် ခရီးအကွာအဝေးပေါ်တွင်သာ မူတည်၍ ဆီရောင်းချပေးသည့်စနစ်ကို ၃-၄-၂၀၂၆ ရက်နေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ အားနည်းချက်များ၊ မသမာမှုများကို နည်းပညာဖြင့် ထိန်းကျောင်းဆောင်ရွက်နေခြင်းဖြစ်ရာ ပြည်သူများ အနေဖြင့် အကြံဉာဏ်များပေးခြင်း၊ သတင်းပေးတိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**နည်းပညာဆိုင်ရာအခက်အခဲများနှင့် အခြားတင်ပြတိုင်ကြားလိုပါက ဆက်သွယ်ရန် Call Center ဖုန်းနံပါတ်များ**

| | |
|---|---|
| ဖုန်း | ၀၉ - ၂၅၀၁၁၁၂၂၂ |
| | ၀၉ - ၂၅၀၁၁၁၃၃၃ |
| | ၀၉ - ၄၄၀၄၃၃၃၂၆ |
| | ၀၉ - ၈၉၉၁၂၉၂၉၆ |
| Viber | ၀၉ - ၄၀၁၇၄၈၅၉၈ |

# မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မြစ်သား ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ကလေးငယ်များကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာကြည့်တိုက်သို့လာရောက်သည့်အလေ့အကျင့်များရှိစေရန် ရည်ရွယ်၍ ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ စဉ်းစားတွေးခေါ်နိုင်မှု အားကောင်းစေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုများ ရရှိစေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့်ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စကားထာဖွက်ပြိုင်ပွဲတွင် ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက နှစ်ယောက်တစ်တွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်များကို တာဝန်ရှိသူများက အမှတ်တရလက်၊ ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(ယာပုံ)

**ဝါဝါမြင့်(မြစ်သား)**



# အမှတ် (၁၄၂) အစုန်စာပို့ရထားပေါ်မှ မသင်္ကာဖွယ်ရာ အိတ်များတွေ့ရှိခြင်းနှင့် အမှတ်(၁၂)အစုန် အမြန်ရထားပေါ်တွင် မူးယစ်ဆေးဝါးများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂**

အမှတ်(၁၄၂) အစုန်(တောင်ကြီး-သာစည်) စာပို့ရထားသည် ရွှေညောင်ဘူတာသို့ မတ် ၃၀ ရက် နံနက် ၈ နာရီတွင်ရောက်ရှိစဉ် ရုံပိုင်ကြီး (အထူးတန်း)ရွှေညောင် အမှတ်(၂၅) မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများက ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ရထားထိန်းလိုက်ပါလာသည့် ရထားထိန်းတွဲအခန်းတွင် တောင်ကြီးဘူတာမှ တင်ဆောင်လာသော တန်ဆာမဲ့သော့ခတ်ထားသည့် အစိမ်းရောင်ခရီးဆောင်အိတ်များကို စစ်ဆေးတွေ့ရှိခဲ့ပြီး ရထားကြန့်ကြာမှုမရှိစေရေးအတွက် အောင်ပန်းဘူတာရောက်ရှိချိန်မှ ရထားထိန်းအခန်းအား စစ်ဆေးရာတွင် မသင်္ကာဖွယ်အစိမ်းရောင်အိတ်များ မတွေ့ရှိရသဖြင့် တာဝန်ကျရထားထိန်း နေလင်းအောင်အား မေးမြန်းခဲ့ရာ ယင်းအိတ်များကို ရွှေညောင်-ဟဲဟိုးဘူတာအကြား၊ ဘဝသံသရာကားလမ်းကူးဂိတ်အနီးတွင် ပစ်ချထားခဲ့ကြောင်း ဖြေကြားသည်။

အဆိုပါ အိတ်များပစ်ချခဲ့သည့်နေရာ ရွှေညောင်-ဟဲဟိုးဘူတာအကြား မိုင်တိုင် (၃၆၈/၁၅-၁၆)တွင် အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဒုတိယကြီးကြပ်ရေးမှူး(သွားလာ)၊ ဒုတိယကြီးကြပ်ရေးမှူး(ပို့ဆောင်)တို့က ရထားထိန်းနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်လေးအိတ်နှင့် သံသေတ္တာတစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားအရေအတွက် ၁၂ သိန်း တစ်သောင်း (အလေးချိန် ၁၂၁ ကီလို)ကို တွေ့ရှိခဲ့သဖြင့် တာဝန်ကျရထားထိန်း နေလင်းအောင်အား သက်သေများရှေ့တွင် စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါမူးယစ်ဆေးဝါးများအား နံနက် ၅ နာရီတွင် ယာဉ်အမှတ်၊ SHN-18,CC-8108 NISSAN AD VAN အမျိုးအစား ခဲရောင်ယာဉ်ဖြင့် ယာဉ်မောင်း မိုးညွန့်လွင် မောင်းနှင်လာသော ယာဉ်ပေါ်တွင် တရားခံ ဇေယျာသူ(ခ)ဟန်ဖနှင့် ခွန်ကျော်ထွန်းတို့နှင့်အတူ တင်ဆောင်လာပြီး တောင်ကြီးဘူတာရှိ အမှတ် (၁၄၂)အစုန်စာပို့ရထားဖြင့် တောင်ကြီးမှသာစည်သို့ ပို့ဆောင်ခိုင်းခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးများ စစ်ဆေးတွေ့ရှိမှုနှင့် ပတ်သက်၍ ဖမ်းဆီးရမိခဲ့သည့် တရားခံလေးဦးအား အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများဖြစ်သော တရားခံ ဇေယျာသူ (ခ)ဟန်ဖ၊ အလုပ်ကြပ်(ဒီဇယ်စက်ခေါင်းစက်ရုံ/အင်းစိန်)သည် ခွင့်ပြုချက်တောင်းခံမှုမရှိဘဲ ခရီးထွက်သွားသဖြင့် မတ် ၂၇ ရက်မှစ၍ တာဝန်မှ ယာယီရပ်ဆိုင်းထားသည့် ဝန်ထမ်းဖြစ်ကြောင်း၊ တရားခံ နေလင်းအောင်၊ ရထားထိန်းအား မတ် ၃၀ ရက်မှစ၍ တာဝန်မှရပ်ဆိုင်းပြီး အဆိုပါဝန်ထမ်း နှစ်ဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေးနှင့် တရားခံများအား ဟဲဟိုးနယ်မြေရဲစခန်းတွင် မယ(ပ)၃/၂၀၂၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉(က)၂၁ ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အမှတ်(၁၂)အစုန်(မန္တလေး-ရန်ကုန်)အမြန်ရထားသည် ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲတွင် သာစည်ဘူတာမှ ဆက်လက်ထွက်ခွာစဉ် အဆိုပါတွဲဆိုင်း တွဲအမှတ်(၈)ပေါ်သို့ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးတို့ ပြေးတက်သွားသည်ကို ရုံပိုင်ချုပ်(သာစည်)က တွေ့မြင်ခဲ့သောကြောင့် သာစည်ဘူတာယာဒ်ဝင်းလုံခြုံရေးဆောင်ရွက်နေသော ရဲအုပ်ရဲမျိုးလင်းနှင့် အမှတ်(၁၂) အစုန်အမြန်ရထား၏ လက်မှတ်စစ်တို့အား အကြောင်းကြားခဲ့သည်။

အဆိုပါစစ်ဆေးရန်အတွက်ရဲအုပ်ရဲမျိုးလင်းက အမှတ်(၁၂)အစုန်အမြန်ရထား ရထားလိုက်တာဝန်ကျလုံခြုံရေးထံ ရဲလုပ်ထုံးလုပ်နည်းအရ စစ်ဆေးရန် အကြောင်းကြားခဲ့ရာ နွားထိုး-ညောင်ရမ်းဘူတာအကြားသို့ အရောက် ရထားလိုက် လုံခြုံရေးရထားရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ကျလက်မှတ်စစ်တို့က လိုက်လံစစ်ဆေးခဲ့ရာ ရိုးရိုးတန်းတွဲ(၁၂)တွင် ၎င်းတို့ခြောက်ဦးအား တွေ့ရှိခဲ့ပြီး လက်မှတ်မဲ့ စီးနင်းလာသည့် ၎င်းတို့၏ ခရီးဆောင်အိတ်များအား မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိတ်များအတွင်း၌ စိတ်ကြွဆေးပြားထုပ်များ ပါရှိလာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါအိတ်များအတွင်းမှ ပစ္စည်းများအား အသေးစိတ်စစ်ဆေးရှာဖွေခဲ့ရာ ရောင်စုံခရီးဆောင်အိတ် ၁၂ အိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၀၀၀ (အလေးချိန် ၁၇၇ ဒသမ ၃ ကီလို)အား ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသော တောင်ကြီးမြို့နေ တရားခံများဖြစ်သည့် ခွန်ဝေယံတိုး(ခ)တိုးတိုး၊ အသက်(၁၇)နှစ် (ဘ)ဦးတိုးမင်းအောင်၊ ခွန်ဇော်ဖုန်းမြတ် အသက်(၁၅)နှစ် (ဘ)ဦးအောင်သူ၊ ခွန်ထက်ရှိုင်း အသက်(၁၇)နှစ် (ဘ)ဦးမောင်ပို၊ ခွန်ရန်ဝင်းအောင် အသက်(၁၇)နှစ် (ဘ)ဦးဝင်းအောင်၊ သဒ္ဒါမိုးစက်(ခ)နန်းစီဖောင်း အသက်(၂၃)နှစ် (ဘ)ဦးအောင်လှိုင်မြင့်၊ ရဲဝင်းနိုင် အသက်(၁၉)နှစ် (ဘ)ဦးခင်မောင်ချင်းတို့အား ဖမ်းဆီးရမိခဲ့သည်။

တရားခံများအား ကွင်းဆက်တရားခံဖော်ထုတ်နိုင်ရေးအတွက် အမှတ် (၅၅) မူးယစ်တပ်စု/မိတ္ထီလာမှ ဒုတိယရဲမှူးကျော်စွာထွန်းနှင့်အဖွဲ့၊ သာစည်မြို့ မီးရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက ခေါ်ယူစစ်ဆေးလျက်ရှိသည်။

နောင်တွင် ရထားပေါ်၌ မူးယစ်ဆေးဝါးများ တင်ဆောင်မှုမရှိစေရေး မြန်မာ့မီးရထား တာဝန်ရှိသူများက စိစစ်ကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရပ်ရပ်အခွင့်အရေးလိုင်စင်များအား အခြားနည်းဖြင့် လေလံရောင်းချ

**ပွင့်ဖြူ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရောင်းချရန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်(၁၁)ခုအနက်မှ လုပ်ငန်းရှင်များက ဝယ်ယူလုပ်ကိုင်ရန် လျှောက်လွှာတင်သွင်းလာသည့် သားသတ်လိုင်စင်များကို ယမန်နေ့က အခြားနည်းဖြင့် လေလံရောင်းချပေးခဲ့သည်။

ထိုသို့ အရပ်ရပ်အခွင့်အရေးလိုင်စင်များကို လေလံရောင်းချပေးရာတွင် ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ရောင်းချရန် ကျန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် ပတ်သက်၍ လေလံရောင်းချရာ၌ ဝယ်ယူလုပ်ကိုင်မည့် လုပ်ငန်းရှင်များ သိရှိလိုက်နာရမည့် စည်းကမ်းချက်များနှင့် အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လေလံရောင်းချရေးကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ရောင်းချရန်ရှိသော အရပ်ရပ်အခွင့်အရေးလိုင်စင်(၁၁)ခုအနက်မှ အခြားနည်းဖြင့် (POP)ပေးသွင်း၍ သားသတ်လိုင်စင်ဆွဲ ဝယ်ယူလုပ်ကိုင်လိုသော လုပ်ငန်းရှင်အား အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖြင့် သတ်မှတ်လေလံစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလိုင်စင်များကို စနစ်တကျရောင်းချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ရဲဝင်းနိုင်(ညောင်ဦး)**



# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် အသင်းအားလုံးထွက်ပေါ်



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် ခြေစစ်ပွဲအောင်မြင်သည့် အသင်းများ အားလုံးထွက်ပေါ်လာပြီ ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် အသင်းစာရင်းတွင် -

အုပ်စု (A) မက္ကဆီကို၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ ချက်
အုပ်စု (B) ကနေဒါ၊ ဘော့စနီးယား၊ ကာတာ၊ ဆွစ်ဇာလန်
အုပ်စု (C) ဘရာဇီးလ်၊ မော်ရိုကို၊ ဟေတီ၊ စကော့တလန်
အုပ်စု (D) အမေရိကန်၊ ပါရာဂွေး၊ သြစတြေးလျ၊ တူရကီ
အုပ်စု (E) ဂျာမနီ၊ ကူရာဆော၊ အိုင်ဗရီကို့စ်၊ အီကွေဒေါ
အုပ်စု (F) နယ်သာလန်၊ ဂျပန်၊ ဆွီဒင်၊ တူနီးရှား
အုပ်စု (G) ဘယ်လ်ဂျီယံ၊ အီဂျစ်၊ အီရန်၊ နယူးဇီလန်
အုပ်စု (H) စပိန်၊ ကိတ်ဗာဒီ၊ ဆော်ဒီ၊ ဥရုဂွေး
အုပ်စု (I) ပြင်သစ်၊ ဆီနီဂေါ၊ အီရတ်၊ နော်ဝေ
အုပ်စု (G) လက်ရှိချန်ပီယံ အာဂျင်တီးနား၊အယ်လ်ဂျီးရီးယား၊ သြစတြီးယား၊ ဂျော်ဒန်
အုပ်စု (K) ပေါ်တူဂီ၊ ကွန်ဂို၊ ဥဇဘက်ကစ္စတန်၊ ကိုလံဘီယာ
အုပ်စု (L) အင်္ဂလန်၊ ခရိုအေးရှား၊ ဂါနာ၊ ပနားမားအသင်းတို့ အသီးသီးတွေ့ဆုံလျက်ရှိသည်။ (အပေါ်ဝဲပုံ)

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ဇွန် ၁၁ရက်မှ ဇူလိုင် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (NGB)

## မက်သီးယပ်စ်မာတင်နယ်လီအား စာချုပ်သက်တမ်းတိုးရန် ဖလူးမီနိစ်အသင်း စီစဉ်



**လန်ဒန် မေ ၂**

ဘရာဇီးကလပ် ဖလူးမီနိစ်အသင်းသည် အသင်းကွင်းလယ်ကစားသမား မက်သီးယပ်စ်မာတင်နယ်လီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဖလူးမီနိစ်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၂၁၉ ပွဲ ကစားကာ ၁၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဖလူးမီနိစ်အသင်း၏ထုတ်ပြန်ချက်တွင် "မက်သီးယပ်စ်မာတင်နယ်လီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူ ကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ)

(NGB)



## 2026 Open Villa de Madrid တင်းနစ်ပြိုင်ပွဲ မေ ၆ ရက်တွင် စတင်မည်

**မက်ဒရစ် မေ ၂**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Open Villa de Madrid တင်းနစ်ပြိုင်ပွဲကို လာမည့် မေ ၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Open Villa de Madrid တင်းနစ်ပြိုင်ပွဲကို မေ ၆ရက်မှ ၁၃ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Open Villa de Madrid တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Open Villa de Madrid တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီဂျစ်တင်းနစ်မယ် Mayar Sherif ဖြစ်သည်။

(အပေါ်ပုံ) (NGB)



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဘိုင်ယန်မြူးနစ်အသင်း တက်ရောက်

**မြူးနစ် မေ ၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဘိုင်ယန်မြူးနစ်အသင်း တက်ရောက်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် မန်ယူအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့မှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ဘိုင်ယန်မြူးနစ်အသင်းက ရေပန်းစားလျက်ရှိသည်။

(အပေါ်ပုံ) (NGB)



## နည်းပြ ဂက်တူဆို အီတလီအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**တူရင် မေ ၂**

အီတလီလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဝင်ခွင့်နှင့် လွဲချော်ခဲ့မှုကြောင့် နည်းပြ ဂက်တူဆိုအား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် အီတလီလက်ရွေးစင်အသင်းအား ၂၀၂၅ ခုနှစ် ဇွန် ၁၅ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ရှစ်ပွဲတွင် ခြောက်ပွဲ နိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

အီတလီအသင်းပရိသတ်များကလည်း နည်းပြ ဂက်တူဆိုအား နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် နည်းပြ ဂက်တူဆိုအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အီတလီလက်ရွေးစင်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## အစ္စမေးလာဆာအား ခေါ်ယူရန် ဗီလာရီးရဲလ်အသင်း စိတ်ဝင်စား

**မက်ဒရစ် မေ ၂**

စပိန်လာလီဂါကလပ် ဗီလာရီးရဲလ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းတောင်ပံကစားသမား အစ္စမေးလာဆာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲ ကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။(ယာပုံ)

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း အစ္စမေးလာဆာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဗီလာရီးရဲလ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ အစ္စမေးလာဆာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဒိုင်ယိုမန်ဒီ လိုက်ပဇစ်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် မေ ၂**

တောင်ပံကစားသမား ဒိုင်ယိုမန်ဒီသည် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု လိုက်ပဇစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက လိုက်ပဇစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဒိုင်ယိုမန်ဒီသည် လိုက်ပဇစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လိုက်ပဇစ်အသင်း၏ထုတ်ပြန်ချက်တွင် "ဒိုင်ယိုမန်ဒီအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၁)ပီအက်စ်ဂျီ - တူးလော့စ်(၉)<br>(W,L,W,W,W) (L,W,L,W,W) | ပီအက်စ်ဂျီ ၃-၀ တူးလော့စ်<br>တူးလော့စ် ၀-၁ ပီအက်စ်ဂျီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၄)ဗယ်လက်ကာနို - အယ်လ်ချီ(၁၇)<br>(D,W,D,L,L) (D,L,L,W,W) | ဗယ်လက်ကာနို ၂-၁ အယ်လ်ချီ<br>အယ်လ်ချီ ၄-၀ ဗယ်လက်ကာနို |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁)ကိုဗင်ထရီ - ဒါဘီ(၈)<br>(W,W,W,L,W) (W,W,L,W,W) | ကိုဗင်ထရီ ၁-၂ ဒါဘီ<br>ဒါဘီ ၂-၀ ကိုဗင်ထရီ |



# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ အရောင်းဆိုင်များအတွက် ခွင့်ပြုရရှိထားသည့် PO ခွဲတမ်းများအတိုင်း အမြန်ဆုံးထုတ်ယူ၍ အရောင်းဆိုင်သို့ အချိန်မီ ရောက်ရှိနိုင်ရေးနှင့် စက်သုံးဆီစဉ်ဆက်မပြတ် ရောင်းချနိုင်ရေးတို့ကိုလည်း စောင့်ကြည့်ကြပ်မတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီရောင်းချပေးမှုတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် လမ်းညွှန်မှုအတိုင်း ရောင်းချပေးလျက်ရှိပါကြောင်းနှင့် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လက်ရှိအချိန်တွင် QR Code၊ Bar Code စနစ်ဖြင့် အင်ဂျင်ပါဝါအလိုက် ဝယ်ယူခွင့်ပြုထားကြောင်းနှင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သကြၤန်ကာလတွင်လည်း စက်သုံးဆီများ ပုံမှန်ရောင်းချနိုင်ရန် လိုအပ်ပါကြောင်း၊ မြို့နယ်များအတွင်း လောင်စာဆီအခက်အခဲကြောင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်မှုမရှိစေရန် စက်သုံးဆီများအား တောင်သူတိုင်း ဝယ်ယူရရှိနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့်လည်း လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက မှောင်ခိုဈေးကွက်မရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊စက်သုံးဆီများကိုလည်း ယခုကာလတွင် မီးဘေးလုံခြုံရေးအတွက် ထိန်းသိမ်းသိုလှောင်ထားခြင်းမရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြရန်နှင့် စက်သုံးဆီ ခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များအား သိရှိစေရေး အလေးထားဆောင်ရွက်သွားရန် ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

*-*-*-*-*

# အိန္ဒိယက မတ်ပဲနှင့် ပဲစင်းငုံအကောက်ခွန်မဲ့ ဆက်လက်တင်သွင်းခွင့်ပြု

အိန္ဒိယအစိုးရက မတ်ပဲနှင့် ပဲစင်းငုံကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တစ်နှစ်တိတိ ဆက်လက် တင်သွင်းခွင့်ပြုလိုက်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ် ၃၁ ရက်၌ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည်။

၂၀၂၇ ခုနှစ်၊ မတ်လအထိ တိုးမြှင့်လိုက်သည့် အိန္ဒိယ၏ ပဲတင်သွင်းခွင့်မူဝါဒက မြန်မာနိုင်ငံမှ ပဲမျိုးစုံစိုက်ပျိုးသူများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အိန္ဒိယသံရုံး(မြန်မာ)က ပြောသည်။

အိန္ဒိယနိုင်ငံအနေနှင့် မြန်မာနိုင်ငံကနေ မတ်ပဲနှင့် ပဲစင်းငုံကို အကောက်ခွန်မဲ့ တင်သွင်းမည့် နားလည်မှုစာချွန်လွှာ MoU ကို ငါးနှစ် သက်တမ်းတိုးရန် ဆုံးဖြတ်ထားသည့်အကြောင်း The Indian Express သတင်းဌာနက ဖော်ပြထားသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကနေ စတင်ပြီး နောက်ထပ် ငါးနှစ် ပဲတင်သွင်းခွင့်မူဝါဒကို သက်တမ်းတိုးမည်ဖြစ်ပြီး ပဲစင်းငုံ တန်ချိန် တစ်သိန်းကိုလည်း ထပ်တိုးဝယ်ယူရန်ရှိကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရေးထိုးထားသော နားလည်မှုစာချွန်လွှာ MoU အရ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ် မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်း ဝယ်ယူတင်သွင်းခဲ့သည်။

ဧပြီ ၁ရက် ဘုရင့်နောင်ကုန်စည်ဒိုင်(ရန်ကုန်)တွင် ဖြစ်ပေါ်နေသည့် ဈေးကွက်ပေါက်ဈေးအရ မတ်ပဲ FAQ/RC တစ်တန် ငွေကျပ် သိန်း ၃၀ အထက်တွင်ရှိနေပြီး ပဲစင်းငုံနီ RC တစ်တန်ဈေးမှာလည်း ငွေကျပ် ၃၁သိန်းနီးပါး ပေါက်ဈေးရှိနေသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကိုအရ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုကို ဒေါ်လာ ၅ ဘီလီယံအထိ တိုးမြှင့်ရန် သဘောတူညီထားကြောင်း သိရသည်။

(အောက်ပုံ)

**ရွှေမန်း**



# မန်းချောင်းသာတွင် သင်္ကြန်ကာလအပန်းဖြေနိုင်ရန် နိုင်ငံကျော်အနုပညာရှင်များ၊ DJ များဖြင့် ဖျော်ဖြေပွဲများ ကျင်းပသွားမည်

**မန္တလေး ဧပြီ ၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ GTC ကျောင်းအနီးတွင် တည်ရှိသည့် မန်းချောင်းသာ အပန်းဖြေစခန်း၌ လာမည့်သင်္ကြန်ကာလအတွင်း လာရောက်အပန်းဖြေသူများအတွက် နိုင်ငံကျော်တေးသံရှင်များ၊အနုပညာရှင်များနှင့် DJ ဖျော်ဖြေမှုများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ဖျော်ဖြေပွဲများကို သင်္ကြန်ကာလအကြိုအဖြစ် မတ် ၁၀ ရက်မှ စတင်ကာ မြန်မာနှစ်ဆန်း ၃ ရက်(ဧပြီ ၁၉ ရက်) အထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်းကာလအတွင်း ပရိသတ်အားပေးမှုရရှိထားသည့် နိုင်ငံတော်အဆင့် တေးသံရှင်များ၊ Cele များနှင့် လူငယ်ကြိုက် DJ များက ဖျော်ဖြေမှုများ တင်ဆက်သွားမည်ဖြစ်သည်။

မန်းချောင်းသာသို့ လာရောက်ကြသူများ ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန်အတွက် ယခုနှစ်တွင် အစီအစဉ်သစ်များစွာကို ထပ်မံဖြည့်စွက်ထားပြီး သင်္ကြန်ညပိုင်းကာလများတွင်လည်း အပန်းဖြေစခန်းအတွင်း၌လှပသော လျှပ်စစ်မီးအလှဆင်ခြင်းများကို ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

"လာရောက်တဲ့သူတွေ အနားယူရင်း စိတ်ပျော်ရွှင်မှုရအောင် ဖျော်ဖြေရေးကဏ္ဍကို အထူးပြင်ဆင်ထားသလို၊ ညဘက်တွေမှာလည်း မီးအလှတွေနဲ့ အပန်းဖြေနိုင်အောင် စီစဉ်နေပါတယ်။ အစီအစဉ်သစ်တွေလည်း အများကြီး ပါဝင်မှာပါ"ဟု ပွဲဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအပြင် မန်းချောင်းသာ အပန်းဖြေစခန်းသို့ လာရောက်ကြမည့် မိသားစုများနှင့် လူငယ်များအတွက် ရေကစားရန် အစီအစဉ်များသာမက ဒေသထွက် အစားအစာများနှင့် စားသောက်ဆိုင်များကိုလည်း စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်သည်။

အပန်းဖြေစခန်းသို့ လာရောက်ကြသူများ အန္တရာယ်ကင်းရှင်းစေရေးနှင့် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် လုံခြုံရေးဝန်ထမ်းများကိုလည်း တိုးမြှင့်ချထားပေးသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လာရောက်ဆင်နွှဲနိုင်ပြီဖြစ်သည်။

အောင်မြေသာစံမြို့နယ်အတွင်းရှိ မန်းချောင်းသာသည် မန္တလေးမြို့ခံများနှင့် အနီးအနားရှိ ပြည်သူများ သင်္ကြန်ကာလအတွင်း အလွယ်တကူ လာရောက်အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်ပြီး ယခုနှစ်တွင် ပြုလုပ်မည့် အထူးအစီအစဉ်များကြောင့် ယခင်နှစ်များထက် ပိုမိုစည်ကားလာမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-စ)

*-*-*-*-*




# ကျေးရွာအုပ်စု (၇)အုပ်စု၌ မိုးနှောင်းဝါသီးနှံ ၁၅၃၅ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် တိုက်နယ် (၁၂) ခုရှိပြီး တိုက်နယ် (၈)အတွင်းမှ ကျေးရွာအုပ်စု (၇)အုပ်စုသည် ယာမြေအများအပြားရှိသည့်အတွက် မိုးနှောင်းရာသီ၌ ဝါသီးနှံများ အဓိကထားစိုက်ပျိုးကြကြောင်း သိရှိရကာ ယခုအခါ အဆိုပါ ကျေးရွာအုပ်စု (၈)အုပ်စု၌ မိုးနှောင်းဝါသီးနှံ ၁၅၃၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ထိုသို့ ဝါများစိုက်ပျိုးရာ၌ သင်္ဘောတုံကျေးရွာအုပ်စုတွင် ၄၉ ဧက၊အရှေ့သာဂရကျေးရွာအုပ်စုတွင် ၁၅ ဧက၊ကလေးကျေးရွာအုပ်စုတွင် ၆၈ ဧက၊ မှိုင်းပန်ကျေးရွာအုပ်စုတွင် ၁၁၉၄ဧက၊ ပြည်တော်သာကျေးရွာအုပ်စုတွင် ဧက ၄၀၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် ၁၀၄ ဧက၊ ကုလားကျောင်းကျေးရွာအုပ်စုတွင် ၆၅ ဧက၊ စုစုပေါင်း ၁၅၃၅ ဧက စိုက်ပျိုးခဲ့သည်။ **(အောက်ဝဲပုံ)**



ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံများစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသည့် ငွေချည်-၆၊ ငွေချည်-၉၊ ရွှေတောင်-၈ ဝါမျိုးများ အဓိကထားစိုက်ပျိုးကြပြီး အထွက်နှုန်း ကောင်းမွန်ရေး ခရိုင်၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်မှုများနှင့်အညီ စိုက်ပျိုးကြကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။ (၄စ၅)



## ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် အထွတ်တင်လှူပူဇော်

**စစ်ကိုင်း ဧပြီ ၂**

စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးကို ဧပြီ ၁ ရက် နံနက်ပိုင်းက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် အထွတ်တင်လှူပူဇော်ခဲ့သည်။

အခမ်းအနားကို ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး၏ သာသနာ့ဗိမာန်တော်တွင် ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အလှူရှင်မိသားစုနှင့် ဂေါပကအဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ ဘုရားကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်အပူဇော်ခံကာ မင်္ဂလာချိန်ကြရောက်သည်နှင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်၌ အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင် ရောဝတီဖောင်ဒေးရှင်းမိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ရှုဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၃၉၄)

## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**



## တီပိုင်းအဖွဲ့များ သတ်မှတ်ရက်အလိုက် တီးခတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းအတွင်း ကျင်းပမည့် မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဖျော်ဖြေတီးခတ်နိုင်ရေး၊ အလှည့်ကျရက်များတွင် ဖျော်ဖြေတီးခတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က ပုဂံမြို့ဟောင်းအတွင်းကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်အဖြစ် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပါဝင်တီးခတ်ကြမည့် တီးပိုင်း ငါးပိုင်းမှ အလှည့်ကျဖျော်ဖြေနိုင်ရေး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်္ကြန်ကာလ သတင်းပြန်ကြားရေးနှင့်ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်ရည်မွန်သူက မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား သတင်းထုတ်ပြန်ရေး၊ မှတ်တမ်းရိုက်ကူးနိုင်ရေးနှင့် တီးပိုင်းများ အလှည့်ကျ ဖျော်ဖြေနိုင်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တီးပိုင်း ငါးပိုင်းမှ တီးပိုင်းခေါင်းဆောင်များက ဖွင့်ပွဲ၊ ပိတ်ပွဲ၊ ကြားရက်များတွင် ဖျော်ဖြေတီးခတ်ကြမည့် သီချင်းအမည်များနှင့် ယိမ်းသမများ ကမည့်သီချင်းများအား စာရင်းပေးထားနိုင်ရေးတို့အား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၁)**

## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဧပြီ ၂**

စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကျင်းပသည့် အဆိုပါအစည်းအဝေးကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ခရိုင်ထွေ/အုပ်ရုံးခန်းမှ Zoom Meeting စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## အောင်မေတ္တာရပ်ကွက်တွင် သစ်တောဈေး တည်ဆောက်လျက်ရှိ

**မကွေး ဧပြီ ၂**

မကွေးမြို့ပေါ်ရှိ အောင်မေတ္တာရပ်ကွက်၊ အောင်စေတနာရပ်ကွက်နှင့် တိုးချဲ့ရပ်ကွက်များတွင်ရှိသည့် ပြည်သူများသန့်ရှင်းသပ်ရပ်စွာနှင့် ဈေးဝယ်ယူနိုင်စေရန်နှင့် ပွဲကျဈေးသည်များ စနစ်တကျ ရောင်းချနိုင်ရန်အတွက် သစ်တောဈေးကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ သစ်တောဈေးကို ပြည်သူများ၏ ထည့်ဝင်ငွေကျပ် သန်း ၂၀၀ နှင့် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ သစ်တောဈေးတွင် ကုန်ခြောက်ဆိုင် ၁၄၀ ခန်း၊ သား၊ ငါး ၁၂ ခန်းနှင့် ပွဲကျ ၈၄ ခန်းပါရှိ၍ ပွဲကျဈေးသည်များ စနစ်တကျ ရောင်းချနိုင်ရန်အတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသည်။

အဆိုပါသစ်တောဈေးတွင် ဈေးသည်များ အဆင်ပြေစေရန်အတွက် ဈေးဆိုင်ခန်းများတွင် ရေ၊ မီးနှင့် သန့်စင်ခန်းများကို စုံလင်စွာ ဆောင်ရွက်ပေးထားပြီး သွားလာရေးအဆင်ပြေစေရန် ဈေးအတွင်း လမ်းမကြီးနှင့် လမ်းသွယ်များတွင်လည်း ကွန်ကရစ်လမ်းများ ဆောင်ရွက်ပေးထားကာ အလျားပေ ၇၂၀၊ အကျယ်ပေ ၁၀၀ ကျယ်ဝန်းပြီး မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ ပညာရေးကောလိပ်လမ်းနှင့် သုခိတာလမ်းကြား၌ တည်ဆောက်ထားပြီး ပြည်သူများ အခြေခံစားသောက်ကုန်များကို လွယ်လင့်တကူဝယ်ယူ ရောင်းချနိုင်မည်ဖြစ်သည့်အပြင် မြို့သန့်ရှင်းသာယာလှပရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*-*



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



မုရိုးပင်

အရိုးတစ်ချောင်းမှာ အရွက်က တစ်ဖက်တစ်ချက်ကထွက်ပြီး အကိုင်းဖျားအထိ အရွက်က အစိမ်းရောင်ရင့်ရင့်၊ အမွေးနုပါတဲ့ဘက်က အဖြူရောင်ဘက်ကို နည်းနည်းယိမ်းပါတယ်။ အသီးက စိန်တလုံးသရက်သီးလို ပုံသဏ္ဍာန်ရှိပါတယ်။ မုရိုးပင်လို့လည်းခေါ်ကြသလို ကျွဲပေါက်ပင်လို့လည်း ခေါ်ကြပါတယ်။ ရခိုင်ဒေသမှာတော့ ငဖြူကြီးပင်လို့ ခေါ်ကြပါတယ်။ ပြည်ဘက်မှာတော့ နွားဖြူကြီးပင်(နွားနို့ခဲ)ပင်လို့ ခေါ်ကြပါတယ်။

ဒူးနာ၊ ခါးနာဖြစ်ရင် အရွက်ကို ရေနဲ့သေချာဆေးပြီးတော့ အရွက်ကို မီးကင်၍ နှစ်ည၊ သုံးည ကပ်ပြီး ပတ်တီးစည်းပေးထားရင် ယူပစ်သလို ပျောက်ကင်းပါတယ်။

အပင်ရော၊ အမြစ်ပါမကျန်နုတ်ပြီး အိုးထဲမှာထည့်၊ အပေါ်ကနေ ဆေးရွက်ကြီးအုပ်ပြီး ရေထည့်ပြုတ်ပါ။ အဲ့ဒီရေကို ချိုးပေးပါ။ နောက်တစ်နည်းက မုရိုးပင်အမြစ်နဲ့ ဆန်ဆေးရည်ကို သွေးပြီးလိမ်းပေးပါ။ အဆစ်အမြစ်ရောင်ခြင်းနဲ့ လေးဖက်နာပျောက်ကင်းပါတယ်။

ခြေထောက်ခေါက်လဲလို့ မျက်ပြီးရောင်ကိုင်းနေရင် မုရိုးပင်အစေးကို အသာလေးပွတ်လိမ်းပေးပြီး အရွက်ကိုမီးကင်၊ လက်နဲ့အသာလေးချေ၊ အပြန့်လိုက်ကပ်ပြီး ပတ်တီးစည်းထားပေးရင် ပျောက်ကင်းပါတယ်။

ကြွက်နို့ကို ဖြတ်ပြီး မုရိုးအစေးနဲ့တို့ထားပေးရင် အမြစ်ပါစားပြီး ပျောက်ကင်းပါတယ်။

အမျိုးသမီးများ သားအိမ်အတွင်း သွေးလုံး၊ လေလုံးဖြစ်ပါက မုရိုးပွင့် ငါးပွင့်ကို နှမ်းဆီနဲ့ ကြော်စားပြီး ဝမ်းဗိုက်ကို မုရိုးစေး၊ နနွင်းမှုန့်နဲ့ ဆတူရောစပ်ပြီး လိမ်းပေးပါက တဖြည်းဖြည်းသေးငယ်ပြီး သက်သာပျောက်ကင်းစေပါတယ်။

ခမ္မတာမမှန်တာ၊ သွေးမပေါ်တာဖြစ်ရင် အရည်ကိုညှစ်ယူပြီး နှာခေါင်းထဲကို တစ်စက်စီထည့်ပေးပါ။ သွေးချက်ချင်းဆင်းပါလိမ့်မယ်။

မုရိုးပင်ကို သုံးလက်မလောက်ဖြတ်ယူပြီး နေလှန်းပါ။ ခြောက်သွားတဲ့အခါ မီးရှို့ပြာချပါ။ ထိုပြာကို ရေထည့်ပြီး မွှေပေးပါ။ အနယ်ထိုင်ရင် အရည်ကြည်ကို ဆားချက်ပါ။ မုရိုးကြီးရက္ခမှု ဆားရပါမယ်။ အဲ့ဒီဆား တစ်ပဲသားကို ပျားရည်တစ်ဆယ်သားနဲ့ ရောပြီး စားသုံးပေးရင် ပန်းနာ၊ ရင်ကြပ်ရောဂါ ပျောက်ကင်းပါတယ်။

ဆူးစူးပြီး ထွင်မရတဲ့အခါ မုရိုစေးကို ထည့်လိုက်ပါ။ နာရီအနည်းငယ်ကြာတဲ့အခါ ဆူးက အလိုလို အပြင်ကို ထွက်လာပါလိမ့်မယ်။ ဆူးစူးပြီး အနာဝပိတ်သွားလို့ ဆူးကျန်ပြီး အထဲက နာနေရင်လည်း အနာဝကို ဖွင့်ပြီး အစေးချကာ အရွက်ကိုမီးကင်ပြီး ကပ်လိုက်တာနဲ့ ကျန်နေတဲ့ ဆူးထွက်လာပါလိမ့်မယ်။

ချောင်းဆိုး၊ တီဘီ၊ အဆုတ်နာဖြစ်နေရင် မုရိုးရွက်တစ်ရွက်၊ ကွမ်းရွက်တစ်ရွက်ကို ဆားအနည်းငယ်ထည့်ပြီး ပြာချပါ။ အဲ့ဒီပြာကို လျှက်ဆားလို တစ်နေ့အနည်းငယ်လျှက်ပေးပါက ပျောက်ကင်းပါတယ်။

အနာစိမ်း၊ မွေးကျွတ်နာနဲ့ အနာလုံးတွေပေါက်ရင် အနာပေါ်မှာ အရွက်ကို မီးကင်ပြီး ကပ်ပေးထားပါက လျင်မြန်စွာ ပျောက်ကင်းပါတယ်။

ထိပ်ကပ်နာဖြစ်နေရင် မုရိုးစေးကို နှာခေါင်းထိပ်ထဲထည့်ပေးပါ။ ၁၀ မိနစ်လောက်နေရင် နှာဆက်တိုက်ချေပြီး နပ်ပုပ်များထွက်လာကာ သက်သာပျောက်ကင်းစေပါတယ်။ ထိပ်ကပ်နာဖြစ်လျှင် အရွက်ကို နေလှန်းပြီး ဆေးလိပ်လိုလိပ်၍ မီးရှို့ပြီး ရှူပေးပါ။

အစာအိမ်ရောဂါဖြစ်ပါက မုရိုးရွက်တစ်ရွက်ရဲ့ အရင်းနဲ့အဖျားကို စတိပယ်ပါ။ ရှောက်ရွက်ခုနစ်ရွက်နဲ့ အိမ်သုံးဆား ခုနစ်ကျပ်သားရောပြီး အိုးထဲထည့်၍ အလုံပိတ်ပြီး မီးဖုတ်ပါ။

သွားကိုက်၊ သွားနာဖြစ်ပါက သွားအခေါင်းထဲသို့ မုရိုးအစေးကို ဂွမ်းစလေးနဲ့ သိပ်ထည့်ထားပေးလျှင် ပျောက်ကင်းပါတယ်။



ကြယ်ပန်းသီး

အမျှင်ဓာတ်တွေကြွယ်ဝလို့ အစာခြေစနစ်ကို ကျန်းမာစေပါတယ်။ ဝမ်းမှန်စေပြီး အစာခြေစနစ်နဲ့သက်ဆိုင်တဲ့ရောဂါများကို ကင်းဝေးစေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်တဲ့အတွက် ဆဲလ်များဓာတ်တိုးခြင်းမှ အကာအကွယ်ပေးကာ ကိုယ်ခံစွမ်းအား တိုးတက်စေပါတယ်။ နှလုံးရောဂါနဲ့ ကင်ဆာရောဂါများကို ကာကွယ်ပေးပါတယ်။

ဗီတာမင်တွေပါရှိနေတာက ကော်လာဂျင်ထုတ်လုပ်မှုကို အကူအညီပေးပြီး ခန္ဓာကိုယ်ခုခံနိုင်စွမ်းအားကို ကောင်းစေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းဖြင့် ဆီးချိုရောဂါကို ကာကွယ်ရာမှာ အကူအညီပေးပါတယ်။

ဗီတာမင်စီနဲ့ ကာရိုတင်းပါဝင်နေခြင်းက ခန္ဓာကိုယ်ခုခံနိုင်မှုစွမ်းအားကို မြှင့်တင်ပေးရာမှာ အကူအညီပေးပါတယ်။

ခန္ဓာကိုယ်က သံဓာတ်လုံလောက်စွာ မရရှိတဲ့အခါ သံဓာတ်ချို့တဲ့ခြင်းဖြစ်ပေါ်ပြီး သွေးအားနည်းရောဂါကို ဖြစ်စေပါတယ်။ ကြယ်ပန်းသီးမှာ ဟိုမိုကရိုဘက်ပြုလုပ်ရန် သံဓာတ်ပါဝင်တဲ့အတွက် သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်တဲ့ သွေးအားနည်းရောဂါကို ကာကွယ်ပေးပါတယ်။

သွေးအားနည်းရောဂါဖြစ်ပါက တက်ကြွမှုမရှိဘဲ ထိုင်းမှိုင်းနေခြင်း၊ အစာစားချင်စိတ်လျော့နည်းနေခြင်း၊ အားအင်ချည့်နဲ့နေခြင်း၊ နှလုံးခုန်မြန်နေခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူနှုန်းမြန်လာခြင်း၊ မောပန်းခြင်း စတဲ့လက္ခဏာတွေ ဖြစ်လာတတ်ပါတယ်။

သွေးအားနည်းခြင်းလက္ခဏာတွေ ဖြစ်လာပါက သံဓာတ်ကြွယ်ဝတဲ့ ကြယ်ပန်းသီးနဲ့ ဟင်းသီးဟင်းရွက်တွေကို စားသုံးပေးသင့်ပါတယ်။

ကယ်လ်စီယမ်နဲ့ ဖော့စဖောရပ်စ် ကြွယ်ဝတဲ့အတွက်ကြောင့် အရိုးနဲ့သွားများကို ခိုင်ခံ့စေပါတယ်။

ကြယ်ပန်းသီးစားသုံးခြင်းက ခန္ဓာကိုယ်အလေးချိန်ကို လျော့စေနိုင်ပြီး ခန္ဓာကိုယ်ကို ကျန်းမာလှပစေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းပေးနိုင်ပါတယ်။ အမျှင်ဓာတ်တွေနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါဝင်ခြင်းက နှလုံးရောဂါ၊ ကင်ဆာရောဂါနဲ့ ဆီးချိုရောဂါများကို ကာကွယ်ရာမှာ အကူအညီပေးနိုင်ပါတယ်။

အရွက်၊ အစေ့နဲ့ အသီးများကို ကျန်းမာရေးအတွက်အသုံးပြုနိုင်ပါတယ်။ အရွက်နဲ့အခေါက်များကို ချက်ပြုတ်စားသောက်ပါက ဝမ်းပျက်၊ ဝမ်းလျှောခြင်းနဲ့ ဝမ်းကိုက်ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

အခေါက်ကိုလည်း အသားဝါရောဂါနဲ့ ငှက်ဖျားရောဂါကုသရာမှာ အသုံးပြုပါတယ်။

အရွက်ကို အင်ပျဉ်ကုသရန်၊ ဝမ်းဗိုက်နာခြင်းနဲ့ ဝမ်းပျက်၊ ဝမ်းလျှောကုသရန်အတွက် အသုံးပြုကြပါတယ်။

ကြယ်ပန်းသီးအစေ့ကို အဆီထုတ်ပြီး အရေပြားရောဂါကုသရာမှာသုံးပါတယ်။

ပင်စည်ကို အမျိုးအစားကောင်းတဲ့ စက္ကူထုတ်လုပ်ရာမှာ အသုံးပြုပါတယ်။



ဒန္တသုခပင်

ဒန္တသုခပြုတ်ရည်နဲ့ အမြစ်ဟာ သွားကိုက်ရောဂါအတွက် အလွန်ကောင်းသောဆေးဖြစ်ပါတယ်။

ဒန္တသုခပင် ပဥ္စငါးပါးပြုတ်ရည်ကို ငုံပေးခြင်းဖြင့်လည်းကောင်း၊ အမြစ်ကို အစိမ်းလိုက်ကြိတ်၍ သိပ်ပေးခြင်းဖြင့်လည်းကောင်း၊ ပဥ္စငါးပါးကို ပြာချ၍ သွားဖုံးနဲ့ သွားကြားကို သိပ်ပေးခြင်းဖြင့်လည်းကောင်း သွားကိုက်၊ သွားနာပျောက်ကင်းပါတယ်။

ပဥ္စငါးပါးကြိတ်ရည်ကို ဆားထည့်၍ အနာပေါ်လိမ်းပေးခြင်းဖြင့် အနာအသားနုတက်ပြီး ပျောက်ကင်းစေပါတယ်။

ဆီးပူခြင်း၊ ဆီးနည်းခြင်းနဲ့ ဆီးသွားရင် သွေးပါခြင်းတို့အတွက် ပဥ္စငါးပါးကို အခြောက်လှန်းပြီး လက်ဖက်ခြောက်ကဲ့သို့ ခတ်သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

ပဥ္စငါးပါးပြုတ်ရည်ကို သကြားထည့်ပြီး သောက်ပါက ချောင်းဆိုးသွေးပါရောဂါပျောက်ကင်းပါတယ်။

အရွက်ကို အဖျားရောဂါပျောက်ဆေး၊ အော့အန်ရောဂါပျောက်ဆေး၊ ဖြေဆေးအဖြစ် ဖော်စပ်အသုံးပြုကြပါတယ်။

အမြစ်ကို ပြုတ်ပြီး ရာသီသွေးလွန်ခြင်း၊ ညောင်းကျခြင်းတို့ဖြစ်လျှင် တိုက်ပေးရပါတယ်။ အမြစ်ကို ဆန်ဆေးရည်နဲ့သွေး၍ ဆားထည့်သောက်ပါက အနာဝင်၍ဖျားခြင်းပျောက်ကင်းပါတယ်။



အုန်းရည်

အုန်းရည်ဟာ ကျန်းမာရေးအတွက်အကျိုးပြုတယ်ဆိုတာ လူတိုင်းသိကြပေမယ့် အုန်းရည်နဲ့ပတ်သက်ပြီး သိထားသင့်တဲ့အချက်တွေ ရှိနေပါတယ်။ အဆိုပါအချက်တွေကို မသိသေးဘဲ အုန်းရည်ကို သောက်သုံးနေတာမျိုးမဖြစ်ရအောင် အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

၁။ အားကစားသမားများ သောက်သုံးတဲ့ အချိုရည်များထက် ပိုမိုကောင်းမွန်တဲ့ သဘာဝဓာတ်ဆား(ဆိုဒီယမ်၊ ပိုတက်ဆီယမ်)တွေ ပါဝင်ပါတယ်။

၂။ ပိုတက်စီယမ်ဓာတ် မြင့်မားစွာ ပါဝင်သောကြောင့် သွေးတိုးရှိသူများအတွက် သွေးပေါင်ချိန်ကို ထိန်းညှိပေးရာမှာ အထောက်အကူပြုပါတယ်။

၃။ အခြားသော အချိုရည်များနဲ့နှိုင်းယှဉ်ပါက ကယ်လိုရီသိသိသာသာ နည်းပါးသဖြင့် ကိုယ်အလေးချိန်ထိန်းသိမ်းလိုသူများအတွက် သင့်လျော်ပါတယ်။

၄။ အုန်းရည်ဟာ ဆီးကို ပိုမိုသွားစေပြီး ကျောက်ကပ်အတွင်း ကျောက်တည်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း လေ့လာမှုများအရ သိရပါတယ်။

၅။ ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များကို ပျက်စီးစေသော Free Radicals များကို တိုက်ထုတ်ပေးနိုင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်ပါတယ်။

၆။ ခန္ဓာကိုယ်အတွင်းနဲ့ အပြင်ပါ အစိုဓာတ်ကို ဖြည့်တင်းပေးနိုင်သဖြင့် အသားအရေကို ကြည်လင်ဝင်းပစေပါတယ်။

၇။ အုန်းရည်မှာ အမျှင်ဓာတ်အနည်းငယ်ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေရန် ကူညီပေးပါတယ်။

၈။ ခွဲစိတ်မှုပြုလုပ်တော့မယ်ဆိုရင် သွေးပေါင်ချိန်ကို သက်ရောက်မှုရှိနိုင်သောကြောင့် ခွဲစိတ်မှုတိုင်မီ ရက်သတ္တ အနည်းငယ် အုန်းရည်သောက်ခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

၉။ ကျောက်ကပ်ပြဿနာရှိသူများ ပိုတက်စီယမ်ဓာတ်များလွန်းသဖြင့် ဆရာဝန်နဲ့ တိုင်ပင်ဆွေးနွေးပြီးမှသာ သောက်သုံးသင့်ပါတယ်။

၁၀။ သဘာဝသကြားဓာတ် (Natural Sugar) အနည်းငယ်ပါဝင်သောကြောင့် ဆီးချိုရောဂါရှိသူများ အလွန်အကျွံ မသောက်သုံးသင့်ပါ။

၁၁။ ပုလင်း (သို့မဟုတ်) ဘူးများထဲထည့်ထားသော အုန်းရည်ထက် အသီးထဲမှ တိုက်ရိုက်သောက်ခြင်းက အာဟာရနဲ့ အကျိုးကျေးဇူး အပြည့်အဝရရှိစေပါတယ်။

၁၂။ အချို့သောသူများတွင် အုန်းရည်ကို အလွန်အကျွံသောက်သုံးပါက ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားစေနိုင်ပါတယ်။

အထက်ပါအချက်တွေကို သိရှိထားမည်ဆိုပါက အုန်းရည်ကို မိမိ၏ကျန်းမာရေးနှင့် ကိုက်ညီအောင် စနစ်တကျ သောက်သုံးနိုင်မှာ ဖြစ်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစောမောင်က မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားစေသည့် အကြောင်းအရင်းများ၊ မီးဖြစ်ပေါ်လာပုံတို့နှင့်ပတ်သက်၍ လောင်စာ၊ အောက်ဆီဂျင် (သို့မဟုတ်)လေနှင့် လုံလောက်သော အပူချိန်ရှိမှသာ မီးစတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထိုအခြေခံအချက်သုံးချက်ထဲမှ တစ်ချက်မရှိလျှင် မီးလောင်ကျွမ်းမှုမဖြစ်ပွားနိုင်ပါကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာလျှင် မိမိနေအိမ်အတွင်း အလွယ်တကူ မီးငြိမ်းသတ်နိုင်သော ပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးတို့နှင့် လျှပ်စစ်မီးလောင်မှုများတွင် လူ့အသက်အန္တရာယ်အား ဘေးကင်းလုံခြုံစိတ်ချအောင် ငြိမ်းသတ်နိုင်သော ဓာတ်မီး မီးငြိမ်းသတ်ရေး ပစ္စည်းဖြစ်သည့် DCP ac: Dry Chemical Powder (ပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူး)များ ထားရှိစေရေးတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကလေးငယ်များက ခင်းကျင်းပြသထားသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# အခြေခံအင်္ဂလိပ်စာနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အခမဲ့သင်ကြားပေးလျက်ရှိသော အခြေခံအင်္ဂလိပ်စာနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်း နာယက ပန်းချီဆရာ ဦးစိုးမြင့်ဒွေးက သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်း၌ သင်ကြားခဲ့သော အခြေခံအင်္ဂလိပ်စာနှင့် အခြေခံပန်းချီပညာများကို ဆက်လက်လေ့လာပြီး အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာ၊ ဆရာမများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ပြီး စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော မရွှန်းလဲ့ဝေဖူး၊ မသွန်းမေသဒ္ဒါဖူးနှင့် မဖူးဖူးအောင်တို့အား လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ပြီး နှစ်သိမ့်ဆုရရှိခဲ့သော မောင်ထက်ဖြိုးဝေနှင့် မခိုင်ဝေလွင်တို့အား မြို့နယ်စာရေးဆရာအသင်းနာယက ပန်းချီဆရာ ဦးစိုးမြင့်ဒွေးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

**(၄၈၅)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ




# နွေရာသီအခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းဆင်းပွဲ ကျင်းပ

**ကန့်ဘလူ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇင်မင်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက သင်တန်းတွင် သင်ကြားပို့ချပေးသည့် နည်းပြဆရာများဖြစ်သည့် ပန်းချီဆရာကြီး ဦးစိုးမြင့်ဝေနှင့် အင်္ဂလိပ်စာ ဆရာ ဦးအေးကိုကိုတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ နွေရာသီအခြေခံပန်းချီနှင့်အင်္ဂလိပ်စာ Grammar သင်တန်းသို့ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး တက်ရောက်ကြပြီး မတ် ၁၂ ရက်မှ ၃၁ ရက်အထိ သင်ကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ပတ်စရာ၊ မှတ်စရာ
စုံလင်

## မြစ်များ

\- - - - - - - -

* စီးဆင်းတယ်ဆိုတာ
မြစ်တွေမှ မဟုတ်ပါဘူး။

* လူတွေလည်း
စီးဆင်းကြပါတယ်။

* စိတ်ကောင်းရှိသူတွေက
ဒုက္ခရောက်သူတွေအပေါ်
မေတ္တာစီးဆင်းတယ်
အကြင်နာစီးဆင်းတယ်
ကရုဏာစီးဆင်းတယ်
စေတနာစီးဆင်းတယ်
----စီးဆင်းတယ်။

* သူတစ်ဦးရဲ့ ကာလဒါန
ပြုသမျှ ကုသိုလ်တွေ
အလိုလိုရှိနေတဲ့အခါ
မြစ်တွေစီးဆင်းသွားတာ
မြင်ရတယ်။

* ကျွေးဖူးတဲ့ထမင်း
ပေးဖူးတဲ့လက်
အသက်နှင့်တမျှ တန်ဖိုးထား
ကျေးဇူးရှင်များ
ကျန်းမာ ချမ်းသာ ကြပါစေ။

* သြော်----စီးဆင်းတယ်ဆိုတာ
မြစ်တွေမှ မဟုတ်ပါဘူး။ ။

**သွယ်အောင်**

## ကန့်ဘလူမြို့နယ်၌ စူဠဘွဲ့နှင်းသဘင် ကျင်းပ

**ကန့်ဘလူ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် သာသနာ့ဗိမာန်တော်၌ ၂၀၂၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်း စူဠဘွဲ့နှင်းသဘင်ကို ဧပြီ ၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကန့်ဘလူမြို့နယ် နတ်ပေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကုလာနန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် စာအောင်သံဃာတော်များထံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောင်လက်မှတ်နှင့် စာအောင်ဆုဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စူဠဘွဲ့နှင်းသဘင်တွင် အခြေပြုမူလတန်းဆင့်အောင် အပါး ၂၀၊ ပထမငယ်တန်းအောင် နှစ်ပါး၊ ပထမလတ်တန်းအောင် နှစ်ပါး၊ စုစုပေါင်း ၂၄ ပါး အောင်မြင်တော်မူခဲ့ကြောင်း မြို့နယ်သာသနာရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၂**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အလှူရှင်မိသားစုက အရုဏ်ဆွမ်း ဆက်ကပ်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွော်စရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာ တရားဟောကြားပြီး အလှူရှင် ဒေါ်အေးရွှေ (အေးအေးခိုင်-ပညာရေး)၊ ဒေါ်စိုးစိုး၊ ဦးအောင်ကျော်မိုး၊ ဦးထွန်းအောင်ကျော်နှင့် မြေးများက ဦးခင်မောင်ကျော် ၂၀ နှစ်ပြည့် ကွယ်လွန်ခြင်းအတွက် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(PNT)**

## (၁၀၃)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၁၀၃)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက်၊ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၁၀၃)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**ဇော်ထက်(သရက်)**



## ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား ထောက်ပံ့

**မန္တလေး ဧပြီ ၂**

မန္တလေးပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံနှင့် သင်ကြားရေးဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား လစဉ်ငွေနှင့် စားသောက်ဖွယ်ရာများကို မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်း ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများက ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်းရှိ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံတွင် တက်ရောက်လျက်ရှိသော ချို့တဲ့နွမ်းပါးလူနာ ၁၀၃ ဦးအား လူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၀၃ သိန်းနှင့် စားသောက်ဖွယ်ရာများကို လှူဒါန်းရာ သင်ကြားရေးဆေးရုံမှ ဆရာဝန်သူနာပြုနှင့် ဆေးလူမှုဆက်ဆံရေးဌာနစိတ်မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)



## မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သ ငွေများ လှူဒါန်း

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ဧပြီ ၁ ရက် နံနက် ၇ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ ၈၂လမ်းနှင့် ၂၄လမ်းထောင့်ရှိ ရွှေကျီးမြင်ဘုရားတွင် ကျင်းပခဲ့သည်။

ဆုတောင်းမေတ္တာပို့သမှုတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးတို့မှ ဦးဆောင်၍ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်၍ ဆုတောင်းမေတ္တာပို့ကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရွှေကျီးမြင်ဘုရားဘက်စုံပြုပြင်ရေးအတွက် ငွေများ လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

(ယာပုံ) (ဝ၄၅)



## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၂**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ ဒေါနဘွားရပ်ကွက်ရှိ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ကျေးဇူးရှင် မိဘဆွေမျိုးများအား ရည်စူး၍ ပြင်ဦးလွင်မြို့နေ ဦးနိုင်လင်းက (၅၉)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။





ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၁)**

**မီးမရှို့ ၊ မြေမမြှုပ် စက္ကူငွေကို ဒါနလုပ်။**

# အိုဘယ့်ချင်းမိုင်(၂၁)

## သန်းစိုးအောင်



**'မြို့မယ်ဆိုင်'**

**မြို့မယ်ဆိုင်**
**တို့နိုင်ငံ တစ်ဖက်ကမ်း၊**
**တံတားကူးလိုက်လျှင်**
**ထူးခြားတဲ့ လမ်းမြင်ကွင်းဟာ**
**ကတ္တရာပင်လယ်ကြီးပါပဲ**
**ကျယ်ပြောသည့်လမ်း။**

၁၉၉၇ ခုနှစ်ဝန်းကျင်က ကျွန်တော်ဟာ ရှမ်းအရှေ့ဒေသမှာ ပညာရေးဝန်ထမ်း(ကျောင်းစစ်ဆေးရေး)ဘဝနဲ့ ကျင်လည်ခဲ့ဖူးတယ်။ အဲ့ဒီအချိန်က တာချီလိတ်ကတစ်ဆင့် ကမ်းကူး (Border Pass)နဲ့ မယ်ဆိုင်မြို့ကို သွားရောက်လည်ပတ်ပြီး ဘုရားစေတီအချို့ကို ဖူးမြော်ခဲ့ဖူးပါတယ်။ မြို့တော်ဘန်ကောက်ကလာတဲ့ အနီရောင် နှစ်ထပ်ဘတ်စ်ကားကြီးတွေကိုလည်း တွေ့မြင်ခဲ့ရတယ်။ ကားကြီးတွေထဲမှာ နိုင်ငံတကာခရီးသွားဧည့်သည်တွေ အပြည့်ပါ။ ထိုအချိန်ကတည်းက ထိုင်းနိုင်ငံရဲ့ခရီးသွားလုပ်ငန်းဟာ အောင်မြင်တိုးတက်နေပုံရတယ်။ အဲ့ဒီအချိန်က ခရီးသွားဘတ်စ်ကားကြီးတွေနဲ့ တောင်ဘက်ကို ဦးတည်သွားတဲ့ တစ်မျှော်တစ်ခေါ် ကတ္တရာလမ်းမကြီးကို ကြည့်ပြီး ဇင်းမယ်(ချင်းမိုင်)ကို သွားရောက်လည်ပတ်လိုတဲ့ဆန္ဒတွေ တဖွားဖွားဖြစ်ပေါ်ခဲ့တယ်။ မျက်မှောက်ကာလ ၂၈ နှစ်ကြာမှ ဒီဆန္ဒဟာ ပြည့်ဝခဲ့တယ်။

**'နှုတ်ဆက်ခဲ့ပြီ ယွန်းရွှေပြည်'**

ရှေးက ဇင်းမယ်(ချင်းမိုင်)ကို မြန်မာတွေက ယွန်းပြည်ဇင်းမယ်သူတို့ကို ယွန်းမလို့ ခေါ်ခဲ့ကြတယ်။ မြန်မာစာပေ'စစ်မှာတမူ'ကဗျာမှာ 'စစ်မှာယွန်းမ ရမလားတော်'ဆိုပြီး စာဆို တောင်တွင်းရှင်ငြိမ်းမယ်က စစ်ထွက်သူ မောင့်အတွက် သောကပိုခဲ့ရပုံကို သိမ်သိမ်မွေ့မွေ့ရေးဖွဲ့ပြခဲ့တယ်။

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်**

လက်ပံပွင့်ကလေးတွေ အာနီစ၊ ဥဩမြည်သံလွမ်းတသသနဲ့ လေရူးပွေတဲ့ နွေဦးရာသီ ချင်းမိုင်ဝန်းကျင်ဟာ သာယာလွန်းတယ်။ ဒီကာလမှာပဲ ကျွန်တော်တို့ယဉ်ကျေးမှုနဲ့ ဒေသန္တရလေ့လာရေးအဖွဲ့ မြို့ချင်းမိုင်ကို နှုတ်ဆက်ခဲ့ပါပြီ။ ခရီးစဉ်က ချင်းမိုင်မှတစ်ဆင့် ချင်းရိုင်ခရိုင်အတွင်းရှိ ချိုအီဖန်(Choei Fan) ဒေသန္တရ လက်ဖက်ခြံနဲ့ မယ်ဆိုင်ဈေး၊ အဲ့ဒီကမှတစ်ဆင့် ကမ်းကူးကာ တာချီလိတ်-ရန်ကုန်- မန်းရတနာပုံ လေကြောင်းလိုင်းနဲ့ အမိမြန်မာပြည်ကို ပြန်ဖို့ပါ။

ကျွန်တော်တို့အဖွဲ့ ချင်းမိုင်မြို့လယ်ရှိ တည်းခိုရာ ဖုရာမဟိုတယ်(FURAMA HOTEL)မှ ထွက်တော့ အချိန်က နံနက် ၈ နာရီ ရှိပါပြီ။ လမ်းခရီးကြားက ချင်းရိုင်မြို့ဟာ ချင်းမိုင်ဒေသလိုပဲ ကျယ်ပြောတဲ့လယ်ကွင်းများ၊ မြင့်မားသော တောင်စဉ်တောင်တန်းများနဲ့ တန်ဖိုးမဖြတ်နိုင်သော လန်နယဉ်ကျေးမှုလက်ရာ၊ ဘုရားစေတီများနဲ့ သာသနိကအဆောက်အအုံများစွာရှိပါတယ်။

သဘာဝမြေပြင်အနေအထားအရ ရေကန်များ၊ မြစ်ချောင်းငယ်များ၊ ရေတံခွန်နဲ့ ရေအိုင်များ၊ ဥယျာဉ်များရှိတဲ့အတွက် ယဉ်ကျေးမှုနဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးပါတယ်။ ယခင်ဆောင်းပါးတွေမှာ ဖော်ပြခဲ့တဲ့ ဘုရားဖြူ (Wat Rong Khun)၊ ဘုရားပြာ(Wat Rong Sue Ten)နဲ့ ကွမ်ရင်မယ်တော်ရုပ်တု (Goddess of Mercy)တို့ဟာ ချင်းရိုင်နယ်နိမိတ်အတွင်းမှာ တည်ရှိပါတယ်။

ချင်းရိုင်ပြည်နယ်အတွင်းက ထိုင်း-မြန်မာ-လာအို သုံးနိုင်ငံမြင်ကွင်းဆုံရာ ရွှေတြိဂံဒေသ မဲခေါင်မြစ်တွင်းမြင်ကွင်းက ကမ္ဘာလှည့်ခရီးသွားတို့အတွက် မသွားမဖြစ်သွားရောက်လည်ပတ်သင့်တဲ့နေရာတစ်ခုပါ။ အခြားလည်ပတ်သင့်တဲ့နေရာတွေက ပါတောင်ရေပူစမ်း(Pa Tueng Hot Spring)၊ ချင်းရိုင်ဆင်စခန်း(Elephant Steps, Chiang Rai)၊ မဲခေါင်ကောင်းကင်တံတား (Mekong Skywalk)၊ ချင်းစန်မြို့(Chiang Saen City)၊ မယ်ဖလန်ဥယျာဉ်(Mae Fah Luang Garden)၊ မယ်ဆိုင်ဈေးနဲ့အခြားအပန်းဖြေစခန်းနဲ့ ပြတိုက်တွေ ရှိပါသေးတယ်။

ချိုအီဖန်လက်ဖက်ခြံ(Choei-fan Tea Plantation)၊ ဒီခြံကြီးက ကျယ်ဝန်းတယ်။ လေကောင်းလေသန့်ရတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ပြည်နယ်အတွင်း နှစ်နေရာခွဲပြီး တည်ရှိတယ်။ ပထမစိုက်ခင်းက မယ့်ဖလန်ခရိုင်အတွင်းမှာ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက်မီတာ ၁၂၀၀၊ စတုရန်းမီတာ ၈၀၀၀၀၀ ကျယ်ဝန်းတယ်လို့ ဆိုတယ်။ ခရီးသွားတွေကိုတော့ စိုက်ခင်းအတွင်း လည်ပတ်ခွင့်မပြုပါ။ စိုက်ခင်းအလယ်မှာဖောက်ထားတဲ့ လမ်းမကြီးမှတစ်ဆင့် ပစ္စည်းအရောင်းဆိုင်နေရာကို ကားရပ်နားနေရာမှ လမ်းလျှောက်သွားရတယ်။ အရောင်းဆိုင်မှာ လက်ဖက်ခြောက်နဲ့ လက်ဖက်နဲ့နှီးနွယ်ဆက်စပ်တဲ့ ထုတ်ကုန်များကို ဝယ်ယူနိုင်ပါတယ်။ လက်ဖက်နဲ့ နှီးနွယ်ဆက်စပ်တဲ့ ထုတ်ကုန်များက ဆပ်ပြာ၊ အဆာပြေစားစရာ၊ လက်ဖက်ကိတ်နဲ့ အလှအပဆိုင်ရာပစ္စည်းများ စသည်တို့ပဲ ဖြစ်ပါတယ်။ ဒါ့ပြင် သင်နှစ်သက်တဲ့ လက်ဖက်ရည်ရဲ့ အရသာကို မြည်းစမ်းဖို့ နေရာတစ်ခုကိုလည်း သတ်မှတ်ပေးထားပါတယ်။

ဒါ့ပြင် အဆောက်အအုံအတွင်းရှိ ရှုခင်းကြည့်နေရာမှ ပြင်ပကို ကြည့်လိုက်ရင် သင့်စိတ်နှလုံးကို ရွှင်ပြုံးစေမယ့် ရင်သပ်ရှုမောဖွယ်ရာ လက်ဖက်စိုက်ခင်းကြီးကို တွေ့မြင်ရပါတယ်။ စိုက်ခင်းရဲ့ ဟင်းလင်းပြင်မှာ ငှက်ငယ်တစ်ကောင်လို လွတ်လပ်ပေါ့ပါးစွာနဲ့ ပျံသန်းပြီး မြေပြင်မှာ သင်းပျံ့နေတဲ့ လက်ဖက်ရနံ့ကို ရှူရှိုက်လိုစိတ်တွေ ပေါ်ပေါက်လာမှာ မလွဲပါ။

မျက်စိတစ်ဆုံး ကျယ်ပြောပြီး အစိမ်းရင့်ရောင်သဘာဝအလှအပတွေနဲ့ ပြည့်စုံတဲ့ ဒီစိုက်ခင်းကြီးထဲ ဝင်ရောက်ခွင့်က လူကြီးတစ်ယောက် ၅၀၀ ဘတ် (Baht)နဲ့ ကလေး ၃၀၀ ဘတ်(Baht)သတ်မှတ်ထားပါတယ်။ ဒီစိုက်ခင်းထဲက အရောင်းဆိုင်ရာ အိမ်ပြန်လက်ဆောင်လက်ဖက်ခြောက်အပြင် လက်ဖက်နဲ့ နှီးနွယ်တဲ့ ထုတ်ကုန်များကို ဝယ်ယူနိုင်ပါတယ်။ အကြံပြုထောက်ခံလိုတာက ၂၀၂၄ ခုနှစ်မှတ်တမ်းအရ ဒီလက်ဖက်ခြံကြီးက ထုတ်လုပ်တဲ့ ထုတ်ကုန်အချို့ဟာ ဂျပန်နိုင်ငံထုတ်ကုန်ပြိုင်ပွဲမှာ အရည်အသွေးကောင်းမွန်ကြောင်း ထောက်ခံချက်ရထားပါသတဲ့။

**မယ်ဆိုင်ဈေး**

မယ်ဆိုင်ဈေးဟာ ချင်းရိုင်ပြည်နယ်အတွင်းက ထင်ရှားတဲ့ဈေးတစ်ခု၊ ကမ္ဘာလှည့်ခရီးသွားများအတွက် မမေ့နိုင်တဲ့နေရာတစ်ခု၊ ထိုင်း-မြန်မာ တိုင်းရင်းသားအနွယ်ဝင်တွေအကြား ရောင်းဝယ်ဖြန့်ဖြူးရာ ဈေးတစ်ခု၊ မယ်ဆိုင်ဈေးလိုပင် ထိုင်း-မြန်မာ နယ်ခြား တာချီလိတ်ဘက်ကမ်းက တာလေ့ဈေးကလည်း ထင်ရှားတဲ့ ဈေးတစ်ခုပါ။ သင် မယ်ဆိုင်ဈေးထဲကို ဝင်လာမည်ဆိုပါက မရေတွက်နိုင်တဲ့ ကုန်ပစ္စည်းအမျိုးမျိုးကို တွေ့ရပါလိမ့်မယ်။

မယ်ဆိုင်ဈေးဟာ များပြားလှတဲ့ ထိုင်း-မြန်မာ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးအပြင် ကမ္ဘာ့ထုတ်ကုန်အမျိုးမျိုးကိုလည်း ဖြန့်ဖြူးရောင်းချတဲ့ဈေးတစ်ခုပါ။ သာဓကအနေနဲ့ ကျောက်မျက်ရတနာများ၊ ကျောက်မျက်အရိုင်းတုံးများ၊ ကျောက်စိမ်းတုံးများ၊ လျှပ်စစ်ပစ္စည်းနဲ့ကိရိယာများ၊ အဝတ်အထည်များ၊ ရှူးဖိနပ်နဲ့ လွယ်အိတ်များ၊ ဆောင်းရာသီဝတ်အနွေးထည်များ၊ ကလေးကစားစရာအရုပ်များ၊ အဆာပြေစားစရာများနဲ့ ကုန်ခြောက်ပစ္စည်းအမျိုးမျိုးကို တွေ့မြင်နိုင်ပါတယ်။

မယ်ဆိုင်ဈေးကို သွားမယ်ဆိုရင် ထိုင်းဘက်က လာတဲ့ ကမ္ဘာလှည့်တွေအတွက် ထိုင်းနိုင်ငံရဲ့ သင်္ကေတတစ်ခုဖြစ်တဲ့ ဂျစ်နီများကို စီးရပါမယ်။ ဒီဂျစ်နီများက သင့်ကို မြန်မာ-ထိုင်း ဘော်ဒါအနီးက မယ်ဆိုင်ဈေးကို အဆင်ပြေအောင် ပို့ပေးပါလိမ့်မယ်။ ဘတ်စ်ကားခက လူကြီး ၁၅(Baht)နဲ့ ကလေး ၁၀ ဘတ်(Baht)ပါ။ ဒါ့ပြင် မြန်မာဘက်ခြမ်း တာချီလိတ်မြို့ကို သွားရောက်လည်ပတ်လိုရင်တော့ မယ်ဆိုင်ဒေသန္တရခရိုင်ရုံးမှာ ကမ်းကူးဗီဇာ(Border Pass)မလွဲမသွေ ပြုလုပ်ရမှာပါ။

မယ်ဆိုင်မြို့ရဲ့ အတိတ်သမိုင်းကို ပြန်ကြည့်ရင် ၂၀ ရာစုအလယ်သမိုင်းမှတ်တမ်းများအရ ဘိန်းစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရာဒေသဟု နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ရွှေတြိဂံဒေသ သမိုင်းနဲ့ ရစ်ပတ်နှောင်ဖွဲ့နေတာကို တွေ့ရတယ်။ အဲ့ဒီအချိန်က မြို့သမိုင်းဟာ ရှုပ်ထွေးတဲ့ သမိုင်းသင်ခန်းစာများနဲ့ ပြည့်နေပြီး နိုင်ငံတကာဖိအားများနဲ့ ဥပဒေအရ ပိတ်ပင်တားဆီးမှုများနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ (ကျမ်းကိုး- Wikipidin) မျက်မှောက်ကာလမှာ ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများဟာ နိုင်ငံရေး တည်ငြိမ်မှုရအောင် ကြိုးပမ်းရင်း ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလာကြတယ်။

**'ဘာကြောင့် မယ်ဆိုင်မြို့ကို လူသိများလာရသလဲ'**

မယ်ဆိုင်မြို့ဟာ ထိုင်း-မြန်မာနှစ်နိုင်ငံနယ်ခြား ဖြတ်ကျော်ကူးသန်းသွားလာရေးမှာ အဓိကကျရုံသာမက ချင်းမိုင်ကိုဗဟိုပြုတဲ့ ထိုင်းနိုင်ငံမြောက်ပိုင်း ခရီးသွားလုပ်ငန်းမှာ အလွန်အရေးပါတဲ့ နေရာတစ်ခုဖြစ်နေပါတယ်။ ဒါ့အပြင် အလွန်စိတ်ဝင်စားစရာကောင်းတဲ့ဘုရားစေတီနဲ့ သာသနိကအဆောက်အအုံများ၊ ဥပမာ-ဝပ်ဖရာဒိုင်အို(Wat Phra Dai Wao)၊ သာယာလှပသော တောင်စဉ်တောင်တန်းများ၊ သဘာဝလိုဏ်ဂူများနဲ့ ရေအိုင်ကြီးများ၊ ခရီးသွားတစ်ဦးဖြစ်တဲ့ သင်ကသာ တစ်ည(သို့မဟုတ်) ညအနည်းငယ် အချိန်ပေးပြီး လည်ပတ်နိုင်ခဲ့ရင် မယ်ဆိုင်ဒေသရဲ့ တန်ဖိုးကို ပိုမိုသိရှိလာမှာပါ။

**နွေးထွေးသော ဆက်ဆံရေး**

ထိုင်းနဲ့ မြန်မာတို့ဟာ အတိတ်ကာလမြန်မာဘုရင်များလက်ထက်ကပင် ယဉ်ကျေးမှု၊ လက်မှုအနုပညာ၊ ဂီတ၊ ဘာသာရေးနဲ့ ဒေသတွင်း ပထဝီဝင် နိုင်ငံရေးတို့မှာ ကူးလူးဆက်နွယ်မှုများရှိခဲ့တယ်။ ပဒေသရာဇ်ဘုရင်စနစ်အတွင်း ဘုန်းတန်ခိုးဩဇာပြိုင်ဆိုင်လိုမှုကြောင့် ဘုရင့်နောင်မင်းတရားကြီး လက်ထက်မှာ ထိုင်းနိုင်ငံဟာ တောင်ငူအင်ပါယာအတွင်း ကျရောက်ခဲ့တယ်။ မျက်မှောက်ကာလမှာ အာဆီယံအဖွဲ့ကြီးပေါ်ပေါက်လာပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ဦးတည်ပြီး ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ချင်းမိုင်နဲ့ မယ်ဆိုင်ဘော်ဒါဟာ ကားမောင်းချိန် နှစ်နာရီခွဲခန့် ကြာမြင့်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့အဖွဲ့ မယ်ဆိုင်ဈေးကို ဝင်ရောက်ပြီး တံတားကူးတဲ့အခါ အချိန်က မွန်းလွဲ ၃ နာရီရှိပါပြီ။ တာချီလိတ်ဘက်ကမ်းကို ရောက်တော့ မယ်ဆိုင်ဘက်ကမ်းကို လွမ်းမောစွာနဲ့ ပြန်ကြည့်မိတယ်။ ချင်းမိုင်ကို လွမ်းမောမိသလို သီတင်းတစ်ပတ်သာသာခန့် ခင်မင်ခွင့်ရခဲ့တဲ့မိတ်ဆွေများကို ခွဲကြရတော့မယ်ဆိုတဲ့ အသိနဲ့ လူ့သဘာဝအရ ဝမ်းနည်းသလို ခံစားမိတယ်။ တာချီလိတ်ဘက်ကမ်းရှိ ငွေလဲကောင်တာမှာ လက်ကျန်ဘတ်ငွေကို မြန်မာကျပ်ငွေနဲ့ ပြန်လဲခဲ့တယ်။

တာချီလိတ်လေဆိပ်မှာ လေယာဉ်လက်မှတ်ဝယ်ယူပြီးတဲ့အခါ ညနေ ၄ နာရီခွဲရှိပါပြီ။။ မန်းရတနာပုံလေကြောင်းလိုင်းမှ XY-AJP (ATR-72-600)လေယာဉ်ဟာ တာချီလိတ်-ရန်ကုန်ခရီးစဉ်ကို ပျံသန်းဖို့ ကွင်းထဲမှာ အသင့်အနေအထားရှိနေပါတယ်။ ကျွန်တော်အပါအဝင် ခရီးသည်များအားလုံး လေယာဉ်ပေါ်တက်ခွင့်ရပြီး ညနေ ၅ နာရီ ၁၀ မိနစ်မှာ စတင်ပျံသန်းပါပြီ။ မိနစ် ၂၀ခန့် ပျံတက်ပြီးတဲ့အခါ လေယာဉ်ဟာ သတ်မှတ်ပေအမြင့် ၂၅၀၀၀ က ပျံသန်းနေပြီဟု ယူဆရတယ်။ ပုစွန်ဆီအရောင်အသွေးနဲ့ ဖျော့တော့တဲ့ နေခြည်ဟာ အပြာရောင်မိုးသားနောက်ခံမှာ အရောင်အသွေးစုံတဲ့ တိမ်ပရိယာယ်တွေဆင့်လို့။ ပျံသန်းချိန် ၁နာရီ ၅၅ မိနစ်အကြာ လေယာဉ်ဟာ မင်္ဂလာဒုံလေဆိပ်ကို ဆင်းသက်တဲ့အခါ ကျွန်တော်တို့ရဲ့ လွမ်းမောတမ်းတဖွယ်ရာ ချင်းမိုင်ခရီးစဉ်ဟာလည်း အောင်မြင်စွာ ပြီးဆုံးခဲ့ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကျေးဇူးတင်လွှာ**

ဤ'**အိုဘယ့်ချင်းမိုင်**'ဟု အမည်ပေးထားသော ခရီးသွားမှတ်တမ်းဆောင်းပါးရှည်ကို ရေးသားရန် အားပေးတိုက်တွန်းပါသော ဆရာသွယ်အောင်(စွာစော်ကဲ)၊ ဝေဖန်အကြံပြုဆွေးနွေးပေးပါသော ဆရာစောချိုသာ၊ ဆရာမိုတိုင်း၊ ဆရာအိုးဝေ(မြေနီကျင်း)၊ စာတည်းများဖြစ်သော မန္တလေးနေ့စဉ်အယ်ဒီတာအဖွဲ့နှင့် စိတ်ရှည်သည်းခံစောင့်မျှော်ဖတ်ရှုပေးပါသော ချစ်စွာသော စာဖတ်ပရိသတ်အပေါင်းကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုပါရစေ။ **'သဗ္ဗသတ္တာ ဘဝန္တု သုခိသတ္တာ'**



## အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို

**ပွင့်ဖြူ ဧပြီ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲကို ဧပြီ ၁ ရက် မွန်းတည့် ၁၂ နာရီက မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်ရှိ အောင်သိဒ္ဓိကျောင်းတိုက် ဓမ္မာရုံတွင် ဆက်လက်ကျင်းပသည်။

အဆိုပါ အစိုးရ ပါဠိပထမပြန်စာမေးပွဲကို မြို့နယ်အတွင်း စာသင်တိုက်ကျောင်းများမှ ဖြေဆိုရန် လျှောက်ထားသည့် စာဖြေသံဃာဦးရေ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၃ ပါးရှိပြီး ဧပြီ ၁ ရက်က ဖြေဆိုရာတွင် ပထမကြီးတန်းတွင် ရဟန်းခြောက်ပါးနှင့် သီလရှင်တစ်ပါး၊ ပထမလတ်တန်းတွင် ရဟန်းသုံးပါးနှင့် သီလရှင်တစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတစ်ပါးနှင့် သီလရှင်လေးပါး၊ အခြေပြုမူလတန်းတွင် သာမဏေလေးပါးနှင့် သီလရှင်တစ်ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ပြီး ဖြေဆိုရန် ပျက်ကွက်စာရင်းအနေဖြင့် ပထမလတ်တန်းတွင် ရဟန်းတစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတစ်ပါးတို့ ဖြေဆိုရန် ပျက်ကွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ စာဖြေသံဃာများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာတော်ကြီးများက ကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

# ဘိုးဘွားများအား (ပဥ္စမအကြိမ်)ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြု လှူဒါန်း

**တာချီလိတ် ဧပြီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ဘိုးဘွားများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြု လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ၊ ထိုင်း၊ လာအို(သုံးနိုင်ငံ) နယ်ခြားကော်မတီ ဆက်ဆံရေးတာဝန်ခံ၊ UBL, BLF Company မန်နေဂျင်းဒါရိုက်တာ၊ လူမှုထူးချွန်(တတိယ)ဆင့်၊ ပြည်နယ်လူမှုထူးချွန်(ပထမ)ဆင့် ဦးဘိုလေးက ဘိုးဘွားများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာချီလိတ်မြို့မှ ဒေသခံစေတနာရှင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွား ၂၄ ဦးတို့အား သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။




ထို့နောက် ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းဆိုင်ကျောက်က ဘိုးဘွားများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါး ကုသိုလ်ပြုလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဦးဘိုလေးက လက်ခံရယူသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းလာသည်မှာ (၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အောက်ထပ်၌ စစ်ဆေးပေးခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြောကြားခြင်းနှင့် လျှပ်စစ်အန္တရာယ် သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ညောင်ရွှေ ဧပြီ ၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် ၂၄ နာရီ လျှပ်စစ်မီးဖွင့်လှစ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စု၊ ဘော်လပတ်ကျေးရွာ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ၂၄ နာရီ လျှပ်စစ်မီး ဖွင့်လှစ်ခြင်းတွင် ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်လင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြောကြားရာတွင် ယခုကျေးရွာအား နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျေးရွာနေ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ချွေတာသုံးစွဲပေးကြရန်လိုကြောင်း၊ သဘာဝဘေး အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ လဲကျနေပါက ကိုင်တွယ်ခြင်းမပြုဘဲ မြို့နယ်လျှပ်စစ်ရုံးသို့ ချက်ချင်းဆက်သွယ် အကြောင်းကြားပေးကြရန်လိုကြောင်းနှင့် လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးဆိုင်ရာများကို အသိပညာပေး ပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများက ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိမ်းချိုသရက် ရောင်းအားကောင်းလာပြီး ဈေးနှုန်းတက်လာ

**မန္တလေး ဧပြီ ၂**

နွေရာသီကာလသို့ ရောက်ရှိလာခြင်းနှင့်အတူ စိမ်းချိုသရက်များ ရောင်းအားကောင်းလာပြီး ဈေးနှုန်းများလည်း တဖြည်းဖြည်း တက်လာနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခုနှစ်တွင် ရာသီချိန်အမီ စိမ်းချိုသရက်များ ထွက်ရှိလာခြင်းကြောင့် စားသုံးသူများအကြား ဝယ်လိုအားမြင့်တက်နေပြီး သရက်သီးသုပ် ပြုလုပ်စားသုံးသူများ၊ ငံပြာရည်နှင့် တွဲဖက်စားသုံးသူများ ပိုမိုများပြားလာသည်။

လက်ရှိဈေးကွက်အတွင်း စိမ်းချိုသရက်များကို တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၆၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၅၆၀၀ ခန့်အထိ ရှိနေသည်။

ဈေးကွက်အတွင်း ရောင်းချသူများ၏ ပြောကြားချက်အရ စိမ်းချိုသရက်များမှာ အရသာချိုချဉ်ညီမျှပြီး လတ်ဆတ်မှုရှိသဖြင့် ဝယ်ယူသူများ စိတ်ဝင်စားမှု မြင့်တက်နေကြောင်း၊ ထို့ကြောင့် ဈေးနှုန်းများလည်း အနည်းငယ် မြင့်တက်လာနေသည်။ **(အောက်ပုံ)**

ထို့ပြင် စိုက်ပျိုးရေးဘက်မှ ရာသီဥတုအခြေအနေ မတည်ငြိမ်မှုများကြောင့် ထွက်ရှိမှု အနည်းငယ်ထိခိုက်နိုင်ခြင်းရှိပြီး ယင်းသည်လည်း ဈေးနှုန်းတက်လာမှုတွင် သက်ရောက်မှုရှိနေသည်။

ဆက်လက်၍ နွေရာသီကာလအတွင်း စိမ်းချိုသရက်များ၏ ဝယ်လိုအား ဆက်လက်မြင့်တက်နိုင်ပြီး ဈေးနှုန်းများလည်း တည်ငြိမ်မှုမရှိနိုင်ကြောင်း ဈေးကွက်အတွင်းမှ ခန့်မှန်းပြောကြားထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**



# မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ကြီးမှူးဖွင့်လှစ်သော ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်းကို အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိရာ မြို့နယ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးတို့ တက်ရောက်လျက်ရှိသည်။

မတ် ၃၁ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်တန်းတွင် အဆိပ်သင့်ခြင်းနှင့် သတ္တဝါများကိုက်ခြင်း ဘာသာရပ်ကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ဒုတိယတန်း) ဒေါ်ဇင်မာလင်းကလည်းကောင်း၊ အရိုး၊ အဆစ်၊ ကြွက်သားနှင့် ရိုးဆက်ကြောများဒဏ်ရာနှင့် RICE စည်းနည်း ဘာသာရပ်ကို ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဒေါ်မိုးမိုးခိုင်ကလည်းကောင်း သင်ခန်းစာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂

| | | |
|---|---|---|
| မင်းဘူး | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

# ကုန်သွယ်မှုပမာဏအများဆုံးစီးဆင်းရာ ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်းပိုင်း) ပြန်လည်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂

ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းမကြီးဖြစ်သော နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး၊ မဟာမဲခေါင်ဒေသ (ခွဲ) အရှေ့ - အနောက် စီးပွားရေးစင်္ကြံ (Greater Mekong Sub-region East-West Economic Corridor) လမ်းပိုင်းတွင် ပါဝင်သည့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖွင့်လှစ်ပေးသည်။



အဆိုပါလမ်းသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအများဆုံးစီးဆင်းရာ တိုင်းရင်းသားပြည်သူများ၏ အဓိက အသက်သွေးကြောလမ်းမကြီးဖြစ်ပြီး ဘားအံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)ထိ ၁၆၅ ဒသမ ၃၆၀ ကီလိုမီတာ ရှည်လျားကာ အဆိုပါလမ်းကြောင်းပေါ်တွင် အကြမ်းဖက် သောင်းကျန်းသူများ၏ တိုက်ပွဲဖော်ဆောင်မှု၊ လမ်းသားများ တူးထုတ်ဖျက်ဆီး၍ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု၊ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများအား အကြမ်းဖက်နှောင့်ယှက်ဟန့်တားမှုတို့ကြောင့် အသုံးပြုသွားလာနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသော အကြမ်းဖက်သောင်းကျန်းသူများကိုထိထိရောက်ရောက် ချေမှုန်းနိုင်ခဲ့ပြီး နယ်မြေစိုးမိုးမှုပြန်လည်ရရှိခဲ့သည့်အတွက် ပျက်စီးသွားသောလမ်း/တံတားများအား ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ပြန်လည်ပြုပြင်ပြီးစီး၍ ယနေ့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့တာဝန်ရှိသူက အဖွင့်အမှာစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်းမကြီး) လမ်းပိုင်းအား ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြား၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် အစိုးရအဖွဲ့တာဝန်ရှိသူ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းပိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(အပေါ်ပုံ) ဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ ဖြတ်သန်းသွားလာမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး အချိုရည်နှင့် မုန့်များ ဝေငှပေးကြသည်။

ယနေ့ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး ဖွင့်လှစ်ခဲ့ပြီး ယနေ့ ညနေ ၅ နာရီခွဲအထိ စာရင်းများအရ ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၂၆၉ စီးနှင့် မြဝတီမြို့မှ ဘားအံမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၃၇၁ စီး၊ ကားအစီးရေစုစုပေါင်း ၆၄၀ တို့သည် လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာခဲ့ကြကြောင်း သိရသည်။



ထိုသို့ ဘားအံမြို့နှင့် မြဝတီမြို့တို့မှ ထွက်ခွာရောက်ရှိလာကြသော မော်တော်ယာဉ်များကို ကော့ကရိတ်မြို့နယ် တံတားကျိုး စုပေါင်းစစ်ဆေးရေးစခန်း၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်အစရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်၍ အများပြည်သူ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးကြသည်။

အလားတူ ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်း)လမ်းပိုင်းကို အသုံးပြုသွားလာသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခတပ်ဦးကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက အာရှလမ်းထိပ် သဃ်နီးညီနောင်ကျေးရွာ၊ ဈေးကုန်းရပ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ သဃ်နီးညီနောင်ကျေးရွာမှ ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာအထိ အာရှလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ယာမဲလ်အား သမိုင်းတစ်လျှောက် အကြီးမားဆုံးပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စီစဉ်

ပါရီ ဧပြီ ၂

ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်အား သမိုင်းတစ်လျှောက် အကြီးမားဆုံး ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားပြီး ၄၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း လက်ရှိအချိန် ဘဏ္ဍာရေးပြဿနာများကြောင့် ယာမဲလ်အတွက် မက်မောဖွယ်ရာ ပြောင်းရွှေ့ကြေး ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်း အနေဖြင့် ဘာစီလိုနာအသင်းထံမှ ယာမဲလ်အား သမိုင်းတစ်လျှောက် အကြီးမားဆုံး ပြောင်းရွှေ့ကြေးဖြင့် အမှန်တကယ်ခေါ်ယူသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀